
အချစ်ကို...
အချစ်လို့ပဲ
နားလည်တယ်
နှင်းဝေပြိုး

# အချစ်ကို အချစ်လို့ပဲ နားလည်တယ်

ဤစာအုပ်ဖြင့်…

အနန္တောအနန္တငါးပါးနှင့် သင် ဆရာ၊ မြင် ဆရာ၊ ကြား ဆရာတို့အား ရိုသေစွာ ကန်တော့ပါသည်။

ရေခဲသေတ္တာလုပ်ငန်းအကြောင်းနှင့် ဤဝတ္ထုရေးသားရန် တိုက်တွန်းကူညီပံ့ပိုးပေးသော ကိုမျိုးအောင်အား ကျေးဇူးများစွာ တင်ရှိပါကြောင်းနှင့်…

ကျွန်မ၏ စေတနာအမှားကြောင့် အားနည်းချွတ်ယွင်းချက်များ ရှိပါက ခွင့်လွှတ်ပါရန် ရိုးသားစွာ ဝန်ခံပါသည်။

**နှင်းဝေငြိမ်း**

ဆယ်အုပ်မြောက်စာအုပ်မှာ အမှတ်တရအနေနဲ့ ကျွန်မရဲ့ ခံစားချက်တချို့ကို ရေးချင်လာပါသည်။ ကိုယ်တိုင် ခံစားခဲ့ရတာ တွေက ငွေနဲ့ပေးဝယ်လို့မရဘဲ အမြတ်ရလိုက်တဲ့ စာရေးဖို့ အရင်းအနှီးတွေလို့ ကျွန်မ မှတ်ထင်နေပါတယ်။

* *

စာရေးဆရာဖြစ်ဖို့ သိပ်လွယ်တာပဲလို့ ပြောလာသူများကြား သွားလာလှုပ်ရှားရင်း ကျွန်မ ဂမ်းနည်းကြေကွဲတတ်လာပါတယ်။ ကျွန်မ

ဖြတ်သန်းနေသော စာရေးသက်တမ်းငယ်လေးမှာ ပေးဆပ်လိုက်ရတဲ့ အရင်းအနှီးတွေ တပုံတပင်ကြီးပါပဲ။

ရေတွက်လို့ ရသလောက်ဆိုရင်တော့…

ကျွန်မရဲ့ ကျန်းမာရေး

ကျွန်မရဲ့ လူမှုရေး

ကျွန်မရဲ့ ပျော်ရွှင်ခြင်း

ကျွန်မရဲ့ အဖော်ခင်စိတ်

ကျွန်မရဲ့ မာန

ဒါတွေကို ပေးဆပ်ရင်း `အောင်မြင်ခြင်း' မျှော်လင့်ချက်ကို ဆုပ်ကိုင်နိုင်ဖို့ ကြိုးစားနေရဆဲပါ။

ဝါသနာပါလို့ စာရေးရင်း ရေးနေတဲ့စာတွေထဲ အာရုံဝင်စားရင်း သန်းခေါင်ကျော် ညပေါင်းများစွာကို ဖြန်သန်းရတဲ့အတွက် နေမကောင်း ခဏခဏ ဖြစ်ရခြင်းကို ကျွန်မ ဂုဏ်ယနေတတ်ပေမယ့် ကျွန်မရဲ့ ဖြူဖပ်ဖြူရော် မျက်နှာကို ကြည့်ရင်း…

`ဟယ်… လောဘကြီးလိုက်တာ၊ ဘုန်းကြီးစားသွားမယ်'

ဆိုတာမျိုး

`ဒီလ ဂတ္ထုတိုလေးပုဒ် ပါတယ်ဆို၊ ဒါဆို အလုပ်ထွက်လို့ ရပြီပေါ့'

`ဂတ္ထုတိုတစ်ပုဒ် သုံးရွက်နဲ့ နှစ်ရာရရင် ခြောက်ရွက်ဆို လေးရာပေါ့နော်၊ လုံးချင်းဂတ္ထုဆိုရင် အမလေး အများကြီးပေါ့၊ ပိုင်တာပဲ' ဆိုသည့် စကားလုံးများက ကျွန်မ ဘယ်နည်းနဲ့မှ သည်းမခံနိုင်တဲ့ စော်ကားမှုမျိုး ဖြစ်ပါတယ်။ အဲသည်အခါမျိုးမှာ မျက်ရည်မပဲဘဲ ရင်ထဲ စူးစူးအောင့်အောင့် နာကျင်ရတဲ့အထိ

ဖြစ်ဖူးပါတယ်။

ပြောလိုက်သူတွေက အနုပညာကို `သိပ်ကောင်းတာပဲ၊ သိပ်ညံ့တာပဲ' ဝေဖန်တတ်ရုံမျှပဲရှိလို့ ရှင်းပြလို့ မရနိုင်သူများကို ရှင်းမပြဘဲ နေလိုက်တာက အကောင်းဆုံး တုံ့ပြန်ချက်ပဲဆိုပြီး ဖြေသိမ့်နေရပြန်ပါတယ်။

သည်လိုနဲ့ ညဥ့်နက်ညတွေမှာ စာရေးလို့ ပိုကောင်းလာတာ အမှန်ပဲ။

* *

အခုတော့ အကောင်းဆုံး စံမမီအောင် အညံ့ဆုံးမဖြစ်အောင် ကြိုးစားရင်း (၁၀)အုပ်တိတိ ရှိခဲ့ပါပြီ။

ကျွန်မရဲ့သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံး

သမ္မာကြီးရင့်သော စာရေးဆရာကြီးများ၊ စာရေးဆရာမကြီးများ အားလုံး

ချစ်သော စာဖတ်ပရိသတ်အားလုံးကို ဦးညွှတ်လေးစားရင်း

ငွေကြေး ချမ်းသာနေလို့ ဖြစ်ဖြစ်၊ ဆင်းရဲချို့တဲ့နေလို့ဖြစ်ဖြစ် ထာဝရ စာရေးဆရာ ဖြစ်လိုပါတယ်။

**နှင်းဝေမြိမ်း**

**အမှတ်(၃) ဗိုလ်မိုးလမ်း**

**မြေနီကုန်း၊ စမ်းချောင်း**

**ရန်ကုန်မြို့**

မောင့်အရည်အချင်းတွေကို ကံကြမ္မာမြစ်ထဲ သွန်ချမလို့လား။ ဒါဆို မောင်ဟာ လူမိုက်တစ်ယောက်ပဲ။

(ငယ်ငယ်)

ရိုးသားခြင်းဟာ အကြီးမားဆုံး အရည်အချင်းပါ ကိုဇေယျာ။

(သီဒါ)

အချစ်ကို တွေ့ဖို့ သွားတဲ့လမ်းမှာ အကြီးမားဆုံး အနှောင့်အယှက်က ကောင်မလေးတွေပဲဗျ။

(ညီညီ)

မာနဆိုတာ လူတစ်ယောက် အသက်ရှင်ရပ်တည်နိုင်ဖို့အတွက် ခံတပ်တစ်ခုပဲ။

(ကျော်ဇင်)

စေတနာအမှားကလွဲရင် ဘယ်အမှားကိုမှ ကျူးလွန်မှာ မဟုတ်ဘူးဆိုတာ ကျွန်တော် ကတိပေးတယ်။

(ဇေယျာ)

* *

# အပိုင်း(၁)

`တကယ်ပဲမြန်မာပြည်မှာ ငါနဲ့ လှပြီထင်ထားတာ၊ ဝါဖန့်ဖန့်မီးရောင်အောင်မှာ ဒီတစ်ခါပဲ လမ်းလျှောက်ဖူးတယ်၊ သိပ်လျှောက်ကောင်းပဲကွာ`

`ကိုယ်ပြောသားပဲ ဒီကို ပြောင်းခဲ့ပါလို့၊ ဒီမှာအဆင့်ရှိတယ်ဧယျာ`

ကျော်ဇင် ဆိုလိုသည့် အဆင့်ကို သဘောပေါက်သည်။ တစ်ဦးကိုတစ်ဦး နားလည် ခွင့်လွှတ်တတ်ခြင်းဟု အဆင့်ကို အနက်ဖွင့်နိုင်သည်။

`အခြေအနေအရပေ့ါ ကျော်ဇင်ရာ`

သူတို့အဆောင်သည် အေးချမ်းစွာ နေလိုသူများအတွက် ပျော်စရာ ကမ္ဘာငယ်ပင်။ ကျောက်ခင်းလမ်းကို အလင်းပြန်ထားသည့် အဝါဖျော့မီးရောင်သည် တမင်ဖန်တီးထားသလို ဖြစ်နေ၏ ထိန်ထိန်တောက်နေသည့် အလင်းမျိုးလည်းမဟုတ်၊တစ်မျိုးလေးဟုသာ ပြောနိုင်သည့် အလင်းတစ်မျိုး။

`ညှော့သည်ပါလာပါလား အစ်ကို`

ဆိုင်မှ အလုပ်သမားကောင်လေး၏ ဖော်ရွေအကင်းပါးမှုကို ဧယျာ အသိအမှတ်ပြုသည့် အနေနှင့် ပြန်ပြုံးပြလိုက်သည်။

မျက်နှာစိမ်းမှန်း သူ့ကိုသိနေ၏ ။

သံစဉ်ငြိမ့်ညောင်းသည့် သီချင်းတစ်ပုဒ်ကို ဆိုင်အဝင်မှပင် ကြား၍ ဆိုင်ထဲ ဝင်မထိုင် သေးဘဲ ရပ်နားထောင်နေမိသေးသည်။ သီချင်းများရှိသည့်အရပ်ကို ဧယျာ နှစ်သက်၏ ။

`သီချင်းမရှိတဲ့ လက်ဖက်ရည်ဆိုင်ဟာ အချစ်မရှိတဲ့ဒေသနဲ့တူတယ်၊ ဒီဆိုင်က အချစ်တွေ ဆုံတဲ့ဒေသ`

သူ့အကြောင်းကို ကျော်ဇင်သိနေ၍ ပုခုံးပုတ်ကာ ပြောလေ၏ ။ သီချင်းကြိုက်တိုင်း အချစ်ကြိုက်လိမ့်မယ်လို့ မင်းမထင်နဲ့ကျော်ဇင်ရေဟု သူပြန်ပြောချင်ပေမယ့် ဧည့်သည် တစ်ယောက် ဝိုင်းထဲသို့ဝင်လာ၍ ဇေယျာ ရေနွေးကြမ်းငှဲ့လိုက်၏ ။

`ကိုငြိမ်းချမ်းကဗျာကတော့ဗျာ ကိုယ့်လမ်းကိုယ်လျှောက်ကြစို့ဆိုတဲ့ အဖော်ညှိလေးနဲ့ ငြိမ်းချမ်းနေပါလား`

ကျော်ဇင့်ပခုံးကို နောက်မှ သိုင်းဖက်ရင်း ဧည့်သည်အဝေဖန်ရေးဆရာအဖြစ် ဝိုင်းထဲဝင်လာ သည်။

`ညီညီထိုင်၊ လက်ဖက်ရည်တစ်ခွက်သောက်ရမယ်

ကျော်ဇင်က သူ့ဟန်နှင့်သူ။ ညီညီနှင့်ဇေယျာကိုအင်ထရိုလုပ်ပေးပြီး ပန်းချီဆရာလူချော လေး ကွာဟု ထပ်ကွန့်၏ ။

`ကိုငြိမ်းချမ်းကဗျာထဲမှာ တစ်ယောက် ကြိုးစားလို့ အထက်ရောက်သွားတယ်၊ တစ်ယောက်က ကြိုးစားပေမယ့်ကံမလိုက်တော့ ကျန်ခဲ့တယ်၊ ဒါပေမယ့် မစ္ဆရိယနဲ့မဟုတ်ဘူး၊ မုဒိတာနဲ့ကျန်ခဲ့တယ်၊ သူ့ချစ်သူနဲ့ လွဲရပေမယ့် ကျေနပ်နေတယ်၊ ကဗျာဆရာအတိုင်း ငြိမ်းချမ်း တယ်နော်`

ဆံပင်ကိုပင့်ခါလိုက်ပြီး ခေတ်လူငယ်စတိုင်နှင့် သွက်လက်နေသည့် ညီညီ။ ကျော်ဇင့် ကဗျာကို ဆက်ဝေဖန်နေ၏ ။

`ဝေဖန်ရမလား လေကန်ရမလား၊ ပန်းချီဆွဲရမလား၊ ဒီလိုပိုင်တဲ့ညီညီပါ ကိုငြိမ်းချမ်း`

တစ်ယောက်တည်းမို့ ညီအစ်ကိုထက် ပိုရင်းနှီးနေကြသည်။

`လွဲချော်တာတွေ ပြောဦးမှာပေ့ါညီညီ`

`ဟာဗျာ ခင်ဗျား ကျုပ်ကို ဒေါက်ဖြုတ်ပြီ`

ပေါ့ပေါ့လေးနေတတ်သည့် ညီညီ၊ သူ့ရင်ဘတ်သူ ဖိထားလိုက်၏ ။ ညကို သူတို့အပိုင်စီး ထားကြ၏ ။

`နေပါဦးကွ ဇေယျာ၊ မင်းကောင်မလေး ငယ်ငယ်က စာရေးနေလား`

ရင်ကို ဒိန်းခနဲခုန်သွား၏ ။ ကျော်ဇင့်စကား အပ်ဖျားလောက်သာရှိပေမယ့်ပုဆိန်လောက် သူရင်ခုန်သည်။ ကောင်မလေး မဟုတ်ပါဘူးကွာဟုသာ ရင်ထဲကပြောရင်း

`စာတော့ရေးနေတာပဲ၊ ဂဇ္ဇာတိုလိုင်း ထင်တယ်၊ ငါလဲငါဖတ်တဲ့လိုင်းမျိုးမဟုတ်တော့ စိတ်မဝင်းစားမိဘူး`

`သူက အချစ်ကိုပဲရေးတာ မဟုတ်လား`

ကျော်ဇင် အတင်းဝင်အတင်းထွက် ဗျူဟာဖြင့် ငယ်ငယ့် အကြောင်း အစ်အောက်သည်။ ဘဂ ဂဇ္ဇာတွေရေးတဲ့ ငြိမ်းချမ်းရှေ့မှာ ငယ်ငယ်ဟာ မှုန်မှုန်သေးသေးလေး ဖြစ်နေမလားဟု ဇေယျာ အားနာနေမိသည်။

`ကောင်းမလေးနဲ့ ကောင်လေးဆိုတာတော့ တွေ့တာပဲ` ဇေယျာ၏ ချစ်စရာခြေထိုးလေးကို ကျော်ဇင် ရယ်ပစ်လိုက်သည်။

`ဘယ်ရယ်တာလဲကွ၊နင်မေးလို့လဲ ငါဖြေရသေးတယ်`

ကဗျာဆရာရယ်တော့ ပိုရှက်သည်။ အမှားဆိုလျှင် သူတို့က အရင်မြင်တတ်သည်။

`မဟုတ်ဘူး၊ အချစ်ဆိုတာနဲ့ မင်းက ကောင်မလေးနဲ့ ကောင်လေးပါတယ်လို့ ပြောလို့ပါ၊ ဂဇ္ဇာတိုနဲ့ဂဇ္ဇာရှည်ကွာတာ အဲဒါပဲ၊ ဂဇ္ဇာတိုက လွတ်လပ်မှုတစ်မျိုးကွ၊ ကောင်လေးတွေ ကောင်မ လေးတွေ မပါလဲ ဂဇ္ဇာဖြစ်နိုင်တယ်၊ လိုင်းကတော့ ပုံစံအမျိုးမျိုးပေါ့ကွာ`

`လိုင်းမတူဘူးဆိုတာ အဲဒါ ပြောတာ၊ မင်းတို့လောက်ငါကမတော်တော့

ဒီ့ထက်ပို မပြောတတ်ဘူး ကျော်ဇင်`

လမ်းဘေးမီးတိုင်မှဖြာကျနေသော ဝါဖျော့ဖျော့အလင်းရောင်သည် ဆိုင်တွင်းမှ မီးချောင်း အဖြူနုနှင့် စားပွဲခုံပေါ်တွင် အားပြိုင်နေကြသည်။ ကားသံသော်မှ မကြားရပေ။

ညီညီက လက်ဖက်ရည်သောက်ရင်း ကျော်ဇင်နှင့်ဇေယျာကို အကဲခတ်နေသည်။ စကားပရိယာယ် ဆင်တတ်သူချင်း စီးချင်းထိုးလျှင် အလယ်က စကားတတ်မှာက ညီညီ။

`မင်းငယ်ငယ့်စာတော့ ငါတစ်ခါမှ မဖတ်ရသေးဘူး`

`ငါက စာမူအဆင့် တစ်ခါလောက် ဖတ်ဖူးတယ်၊ မနေ့က ငယ်ငယ်နဲ့တွေ့တော့ သူရေးထားတဲ့ ဂတ္ထုတစ်ပုဒ်ငါ့ကိုပြတယ်၊ မဂ္ဂဇင်းဂတ္ထုရှည်နဲ့တူတယ်၊ ခေါင်းစဉ်က ဆယ်စုနှစ်ကို ဖြတ်သန်းခြင်းတဲ့`

`အချစ်ပဲလား`

ကျော်ဇင့်အသံပေ့ါသည်။ ရေနွေးကို တစ်ငုံခဲသည်။ ဆေးလိပ်ကို နှစ်ဖွာရှိုက်သည်။ မီးခိုးကွင်းကို သုံးခုမှုတ်ထုတ်သည်။

ဇေယျာက ဆက်ပြောဖြစ်၏ ။ ပုစဉ်းရင်ကွဲလေးတွေပင် အသံပေး၍ အိပ်တန်းပြန်ကြလေပြီ။

`ချစ်မှာပေ့ါ၊ အဲဒီ အချစ်ကလင်းမယားချစ်၊ သမီးရည်းစားချစ်တော့ မဟုတ်ဘူးကွ၊ ဥပမာ အမျိုးသမီးနှစ်နဲ့ စဖွင့်ရင် အဲဒီ နှစ်မှာ မိသားစုတစ်စုက အမျိုးသမီးတွေရဲ့ ဆင်ခြင်တုံတရား၊ ခံနိုင်ရည်၊ ဦးဆောင်နိုင်မှုတွေရေးထားတယ်၊ ကလေးများနှစ်ရောက်ရင် ကလေးတွေရဲ့အတွေး၊ ကလေးတွေရဲ့အပြစ်ကင်းတဲ့အချစ်၊ ဖျတ်လတ်သွက်လက်မှု၊ အတုယူတတ်မှုတွေ ရေးထားပြန် ရော၊ အဲအိုးမဲ့အိမ်မဲ့ များနှစ်ဆိုရင် အိမ်ကြီး တစ်အိမ်ဟာ

ဘဂမုန်တိုင်းကြောင့် ပြိုကျပျက်စီးနေ ပေမယ့် အဲဒီ အိမ်ကို ကိုယ်ထူကိုယ်ထစနစ်နဲ့ စိတ်ဓာတ်နဲ့ အမိုးအကာတွေပြန်တင် ပြန်ဆောက်တာ မျိုးတွေ ရေးထားတယ်`

ညီညီ နားထောင်ရင်း ပိုစိတ်ဝင်စားလာ၏။ ဆရာငြိမ်းချမ်း ဇွဲ့သည့်ရဲ့ ငယ်ငယ်ဆိုတာကို ချစ်ချင်လာ၏။ ညီညီတို့က ကောင်မလေးချောရင် ချစ်သည်။ နာမည်လေးလှရင် ချစ်သည်။ လမ်းရိုးကခွဲထွက်တဲ့ ကောင်မလေးမျိုး ဆိုရင်လည်း ချစ်သည်။

ကိုဇေယျာသိရင် ငှါလက်သီးနဲ့ထိုးနေဦးမယ်ဟု ညီညီ သူ့အတွေးကို ချက်ချင်း ပွက်လိုက် ရ၏။

`တစ်မျိုးပဲလားကွ`

`သူပဲ မြင့်နေလို့လား၊ ငါပဲနိမ့်လို့လားတော့မသိဘူး၊ ဖတ်ကောင်းတယ်၊ ရည်ရွယ်ချက်ကို နားလည်တယ်၊ အကျိုးပြုစာပေဖြစ်တယ် ငါမကြိုက်ဘူး

ကျော်ဇင့်ထက် ဦးအောင် ဇေယျာက ပြောလိုက်၏

`မင်းငယ်ငယ်ကို ငါတို့ဆီ အလည်ခေါ်ခဲ့ပါလား`

`အလုပ်နဲ့ကလွဲရင် ငယ်ငယ်က အလည်မသွားတတ်ဘူးကွ`

`ဇေယျာရာ မင်းကလဲ ချစ်လိုက်တာ`

`မှားနေပြီ ကိုငြိမ်းချမ်း၊ချစ်တာမဟုတ်ဘူး၊ ဖြစ်နေလိုက်တာ မဟုတ်လား`

ညီညီ တစ်ခွန်းဝင်ပြော၏။ တမင်ပြောဟု ကျော်ဇင် ပြန်ပြော၏။ ဇေယျာ သူ့ဆံပင်တွေ နောက်ပြန်သပ်တင်ရင်း

`တံတိုင်းတွေကို အုတ်တွေနဲ့ အဖြစ်ကာ ကာတာ၊ အချစ်`

ဇေယျာ့ပြောချက်ကို ညီညီသဘောကျပြီး

`ခင်ဗျားတို့ဝိုင်းမှာ ကျွန်တော် ပွဲကြည့်ပရိသတ်နော်`ဟု ရယ်ရယ်မောမော ပြောလေသည်။

တခြားဝိုင်းတစ်ခုမှ ငြိမ်းချမ်းပွနေပြီမို့လားဟု လှမ်းအော်၏။

`ဟော့ကောင်သားကြီး မနက်အစောကြီး မြို့ပြန်မလို့ကွ၊ လေးငါးရက်လောက်ကြာမယ်`

သားကြီးဆိုသော သဲလဲစင် ပုံစံလေးနှင့်လူက ဆံဖျားများကို လက်ဖျားဖြင့်ခါသပ်ရင်း လျှောက်လာ၏။

`ဘာတဲ့....ကြွားစရာရှားလို့ မိဘဆီ ပြန်ကြွားမလို့လား`

`မဟုတ်ပါဘူးကွာ၊ မိဘရင်ခွင်မှာ အင်အားဖြည့်မလို့ပါ၊ အဲဒီ အင်အားတွေနဲ့ ပြန်ချီတက် ရဦးမယ် မဟုတ်လား`

`တော်ပါ၊ အမေကလဲဗျာ၊ အဖေလဲဗျာဆိုပြီး ကဗျာ ကဗျာ အချွဲနဲ့ ငွေပြန်ဆွဲခဲ့မယ်မို့လား၊ အကြောင်း မသိတာမှတ်လို့`သားကြီးဆိုသူကလည်း အလာကြီးပါလား။ ဤရပ်ကွက်၊ဤအဆောင် နေသူတိုင်း စကားတတ်ကြပါသည်ဟု စာရေးထားပါလားဟု ဇေယျာ နောက်မိသည်။

လက်ဖက်ရည်ဝိုင်းမှာ ရေနွေးကြမ်းစကား ပြောဖြစ်ကြပေမယ့် ကျော်ဇင့်အကြောင်း ဇေယျာ သိသည်။ အောင်မြင်သည့် စာရေးဆရာမဖြစ်မချင်း မိဘအထောက်အပံ့မယူဘဲ ရုန်းကန်ပြနေ၏။

ဆိုင်မှအထွက် သီချင်းသံကြောင့် ဇေယျာပြုံးမိသည်။

* *

(၂)

ကဲသည့်ပဲဆိုဆို နောက်ကျောဘက် ဝါးတစ်ရိုက် အကွာမှာရှိနေသောည မျက်နှာ ရှင်းရှင်းလေးကို ရပ်စောင့်နေမိသည်။ ဘုရားအတူဖူးဖြစ်ချင်သည်။ တကယ်လည်း ဇေယျာ ဆုတောင်းပြည့်သည်။

မီးသတ်ဘက်သို့မချိုး။ ဇေယျာ့နားလာရပ်သည်။

ဆူးလေ မီးပွိုင့်က ပလက်ဖောင်းပေါ်မှ ကျစ်ဆံမြီးနှစ်ချောင်းနှင့် မျက်နှာရှင်းရှင်းလေး ပေါ်သော သူမနှင့် ဇေယျာကို ဘိသိတ်ဆရာလုပ်ပေးနေ၏ ။ လူကူးတံတားပေါ် မတက်ဘဲ မျဉ်းကျားမှ ဖြတ်ခဲ့သည်က သူမနှင့် ဆုံစေသည်လား။

ကိုယ့်ဘက်ကိုယ်ယက်တွေးမိသည်။ သည်တော့ ဇေယျာတစ်ယောက်တည်း ပြုံးပေ့ါ။

`ဖြတ်လေ....ငေးလှချည်လားကိုကို`

မြတ်စွာဘုရား။

ဆူးလေဘုရားကိုကြည့်ပြီး ဦးတင်ကန်တော့လိုက်သံမဟုတ်။ ဘုရားတမိခြင်းသာ။

ဖြတ်လေဆိုတာက ကားရှင်းသွားသည့်တိုင် ရှေ့က ပန်းတစ်ပွင့်စာကိုယ်ကွက်၍ ငေးလှချည်လားကို ခြေတစ်လှမ်းစာ နောက်ချန်ပြော၍ ကိုကိုဟု ရင်တစ်ခုန်စာ တိုးတိုးလေး ရေရွတ်သွားခြင်းကြောင့် ဇေယျာ့ခမျာ သူမ အရိပ်နောက်မှ ဖဝါးထပ်မျှ လိုက်ပါသွားမိ၏ ။

ဖိနပ်အပ်တာ့ ဇေယျာ လူလည်မရဲတရဲကျလိုက်သည်။

မုခ်အဝင်တွင် ဒေါက်မြင့် ကြိုးသိုင်းဖိနပ်ကို ချွတ်လိုက်စဉ် ပခုံးနှစ်ဖက်ကို ကျော်ကျလာ သော ကျစ်ဆံမြီး တုတ်တုတ်ကြားမှ ကြည်လင်ရွှန်းလဲ့နေသော မျက်ဝန်းအစုံကို ဇေယျာကြည့်မိ သည်။

ပြဿနာမရှာသည့်အကြည့်မှန်း ရိပ်မိ၍ ဆက်လက်ပြုံးပြလိုက်၏ ။

ဖိနပ်အပ်သည့်နေရာ တွင် ဖိနပ်ထည့်ရန် သစ်သားခုံလေးထဲသို့ ဖိနပ်ကိုထည့်ပြီး မျက်စောင်းလှလှလေးက သူ့ဘက်သို့ တာဝန်ချလိုက်သည်။

ခပ်တည်တည်နှင့်ဖိနပ်ကို ကြိုးသိုင်းဒေါက်မြင့်ဖိနပ်လေး ပေါ်သို့ တင်လိုက်၏။ တာဝန်ခံ မိန်းကလေးက အတွဲညီပြီး ကြည့်ကောင်းသည့် စုံတွဲဟုထင်ကာ သံပြားဝိုင်းလေးကို ဇေယျာ့ လက်ထဲထည့်၏။

နံပါတ် ၄၃။

သူမကိုကြည့်တော့ မျက်လုံးလေး ပြူးပြသည်။ ဇေယျာရှေ့မှ အလျင်သွားနှင့်လိုက်သည်။

တဖျတ်ဖျတ်ပြေးလိုက်ရင်း

`ဒီလိုပဲလုပ်နေကျလား၊ ဘယ်ရမှာလဲနော်`

မူနွဲ့နွဲ့ရန်တွေ့ဟန်လေးကို မတုံ့ပြန်ဘဲ ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိ၏။ လှေကား ထစ်ကို အထစ် ကျော်တက်မိသည်။

`တွေ့လား ကျွန်တော့်နံပါတ်`

ကျစ်ဆံမြီးတစ်ဖက်ကို လည်မှာပတ်လိုက်ပြီး ကျွန်တော်နာမ်စားသုံး၍ သံပြားဝိုင်းလေး နောက်တစ်ခုကို လက်ထဲဆုပ်ထားရာမှ ထုတ်ပြ၏။ ဇေယျာ့ကို သူမပြန်ကျောသည်။ တိုက်ဆိုင်စွာပဲ သူမနံပါတ်က ၃၄။

ဇေယျာ့နံပါတ်က မျက်နှာချင်းဆိုင်။ သူမနံပါတ်က ကျောခင်းခိုင်း။ မေတ္တာစစ်တို့မည်သည် ဖြောင့်ဖြူးရာလည်း မရှိစမြဲမဟုတ်လား။ မေတ္တာစစ်ထင်ပါရဲ့။

ကျွန်တော်လေးက ဇေယျာ့ကို မရှိလေဟန်နှင့် တက်တက်ချင်းမြင်ရသည့် တန်ဆောင်းထဲ သို့ဝင်ပြီး ဘုရားဝတ်ပြုသည် ဇေယျာလည်း အသာဝင်ထိုင်ပြီး ဘုရားဝတ်ပြုသည်။

တစ်ကြိမ်တည်း ဦးချပြီး သရော်ပြုံးလေးနှင့် ထသွားတော့ ဧယျာ ဒူးတုပ်ပြီး ကျန်ရစ်ခဲ့သည်။

ကျွန်တော်လေးပုံစံက ထိမထင်လေး။ တစ်ထောင့်ပြီး တစ်ထောင့် ဝင်ရှိခိုးနေသည်။ တစ်ထောင့်ရောက်တော့ ရေပါလှူသည်။ ကျွန်တော်လေး ရေသပ္ပာယ်နေသဖြင့် အကြိမ်ပေါင်း များစွာ ရောက်ဖူးနေသော ဆူးလေစေတီတော်ကြီးကို နိုင်ငံခြားဧည့်သည် တစ်ယောက်သဖွယ် စေ့စေ့ငုငု ကြည့်နေရသည်။

`ခင်ဗျားက ဘာလို့ နောက်က လျှောက်လိုက်နေရတာ လဲ၊ကျွန်တော်က တစ်နေရာ တစ်ကြိမ်နဲ့ ကိုးနေရာတိတိ ဦးချတာ၊ ခင်ဗျားရော ဒီလိုလုပ်မလို့လား`

ဧယျာနောက်လှည့်ပြီး ဘယ်သူ့ကို ပြောနေလဲဟင်ဟု ကျွန်တော်လေးက မေးလိုက်၏ ။ ခင်ဗျားကိုပေ့ါဟု လက်ညှိုးထိုးပြတော့

`ကိုကို့ ကိုပြောတာလား၊ အင်းလေ…ဘုရားပေါ်မှာ ဆိုတော့ ကိုကိုလို့မခေါ်တာဘဲ ကောင်းပါတယ်`

`အမှတ်ကလဲ အမှတ်ပြည့် ယူနေပါလား၊ အဟင်း…`

လှောင်ရယ် ရယ်သည်။ ဧယျာလည်း ရောတော ယောင်တောင် လိုက်ရယ်လိုက်၏ ။ ကျွန်တော်လေး ဆက်လျှောက်သွား၏ ။ သူလည်းလိုက်လျှောက်၏ ။

`ကိုကိုလဲ ဒီထောင့်မှာ ရေလှူမယ်နော်`

`အဲဒါ ကျွန်တော့်ဖေဖေအတွက်ဗျ`

`ဟုတ်ပါတယ်၊ ကျေးဇူးရှင်မိဘဆိုတာ အမှုကြီးငယ် ကိစ္စကိုယ်က ဆောင်ရွက်ပေးရတာ မင်္ဂလာမည်ပါတယ်၊ ကိုကိုလဲ အဒေါ်တွေအတွက် လှူပေးတာပါ`

ကိုကိုဆိုတာကို စီးစီးပိုးပိုးကို ရွတ်နေတော့၏ ။ ဒေးကာနက်ဂျီ၏ မိတ္တဗလဋ္ဌီကာကို အပြေးအလွှား စဉ်းစားရသည်။ ဦးပုည၏ အခါပေးဗေဒင်ကို အပြင်းအထန် တွေးထားသည်။

ကျွန်တော်လေး သူ့ကို စေ့စေ့ကြည့်ပြီးနှုတ်ခမ်းလေးမဲ့ပြ၏ ။

`ကျွန်တော့်မွေးနေ့နာမ်ထောင့်က ဗုဒ္ဓဟူး`

`စနေ၊ ဗုဒ္ဓဟူး ရှုးတောင် ထမင်းမငတ်ဘူးဆိုသော အဆိုကိုလက်တွေ့သုံးပြလိုက်သည်။ သူလေးကသာ အဲသည်ထောင့်မဟုတ်ဘူးဟုဆက်ပြောပြီး ကျွန်တော့်မေမေ မွေးနေ့ထောင့် မဟုတ်ဘူးဟု ဆက်ပြောပြီး ကျွန်တော်မေမေ မွေးနေ့ထောင့်အတွက် ရေလှူတာဆိုလျှင် သူကလည်း ကိုကို့ ဖေဖေအတွက်ဟုကွန့်လိုက်ရုံပင်။

ကျွန်တော်လေး ပျော်လောက်ပြီ သူပြောသည့် နေ့နှင့် ဧယျာပြောသည့်နေ့တွေက ဖူးစာဖက် ရွေးချယ်ရာတွင် သုံးမှုန်းနှစ်ဦးလုံးသိကြသည်။

`ကိုကို့နာမည် ဧယျာပါ`

`ကျွန်တော့်နာမည်ကိုတော့ သိပြီးသားမို့လား၊ အထူးမိတ်ဆက်မနေတော့ပါဘူးနော်`

ဧယျာ ဟက်ဟက်ပက်ပက်ကြီး အော်ရယ်လိုက်မိ၏ ။

မင်းလေး သိပ်လည်တာပဲကွာဟု မချင်မရဲ ပြောမိ၏ ။ ဟုတ်လားဟု ကျွန်တော်လေး ရယ်နေ၏ ။ အရယ်ထဲ၌ အပျော်တွေလျှံနေ၏ ။

ဧယျာအတွက် လာခြင်းကောင်းသော မိန်းကလေးရယ်။

* *

`ပန်းသွားဝယ်ဦးမယ်`

ဧယျာ့ကိုထားခဲ့ပြီး လှေကားထစ်တွေ ပြေးဆင်းသွား၏ ။ ဆံပင်တွေက ရှည်လျား နက်မှောင်နေ၏ ကျစ်ဆံမြီးထိပ်မှာ အထုံးကြီးနှစ်ဆင့် ထုံးထား၍ တင်ပါးစွန်းထိ ဆံပင်ရှည် ဟန်တူသည်။

မူလတန်း ကလေးလေးလို မြူးကြွနေသည်။ မျက်နှာရှင်းသန့်နေသည်။ အမြဲတမ်း အနိုင်ယူ ဗိုလ်ကျနေရမည်ထင်ရသည့် မထီဟန်လေးနှင့် အပြုံးလှလှလေးသည် တွဲလျက်ရှိနေ၏ ။

`ကိုကိုလဲလိုက်ခဲ့မယ်`

`လိုက်ခဲ့ ခြေညောင်းအောင်ရပ်နေ၊ ကျွန်တော်ပန်းရွေးရင်သုံးနာရီကြာတယ်`

ပန်းဆိုင်တွေရှေ့တွင် အတူယှဉ်ရပ်မိသည်။ အလားတုန်းက ဝယ်မလာခဲ့တာသူ့ကြောင့်ဟု ဧယျာသိသည်။ ပန်းတစ်စည်းဝယ်ပြီး လွယ်အိတ်ထကြ ပိုက်ဆံအိတ်ပြားလေးကို ဆွဲဖွင့်သည်။ အဆစ်အဆေးမရှိပါလားဟု ဧယျာနောက်တော့ တခြားပစ္စည်းဝယ်ရင် ဆစ်တယ်။ ဒါကုသိုလ်ယူတာ မဆစ်ကောင်းဘူးဟု ပြန်ပြောပြီး မျက်စောင်းထိုး၏ ။

ပန်းသည်မလေးက တစ်ဆိုင်လုံး ပေးလိုက်ချင်နေသလား။ ရောင်းလိုက်ချင်နေသလား မသိနိုင်သော အကြည့်မျိုးနှင့် ဧယျာတို့ကို ကြည့်နေ၏ ။ ဧယျာကတော့ အကြည့်မျိုးနှင့် ဧယျာတို့ကို ကြည့်နေ၏ ။ ဧယျာကတော့ စင်းစင်းနွဲ့နွဲ့ရှိသော မျက်လုံးများကို သံယောဇဉ်ဖွဲ့ နေမိသည်။

အောင်သွယ်တော်မလိုသည့် နေရာမှာ ဧယျာ သူ့လမ်းသူထွင်လိုက်သည်။ အမည် မသိသော ကျွန်တော်လေးနောက်မှ တကောက်ကောက် လျှောက်လိုက်နေမိသည်။

ဘုရားပေါ်ပြန်တက်ပြီးတံမြက်စည်းလှည်းအသင်္ကန်းတည်သည့် တန်ဆောင်းထဲဝင်သည်။ သည်တစ်ခါတော့ ရဲရဲကြီး သူမဘေးတွင် ဝင်ထိုင်ရှိခိုးလိုက်သည်။

ဦးချအပြီး ငဲ့အကြည့်တွင် မာနတစ်ဝက် အပြုံးတစ်ဝက်နှင့် အလှတွေ စက်စက်ယိုနေသော ကျွန်တော်လေးကို ပါရမီ ဖြည့်ဘက်ဟန်နှင့် ထိုင်နေသည်ကိုတွေ့ရ၏။ ဝါရည်သွေးအသားပေါ်၌ ချပ်ချပ်ကပ်ကပ်မရှိသည့် လည်ပင်းပိတ်အင်္ကျီပွပွလေးကို လက်ရှည်ချုပ်ဝတ်ထား၏။ ပန်းတွေးရောင် အဆင်သည် ခါးတင်ချုပ်ထားသော်လည်း တစ်ကိုယ်လုံးသို့ အလှခြယ်နေသည်။ လုံချည်ကို ပြောင်ရှင်းရှင်းလေး ပန်းသွေးရောင် ဝတ်ထား၏။

လက်ကိုအဆန့်ပတွင် ကျွန်တော်လေးလက်ထဲမှ ပန်းစည်းက ဇေယျာ့လက်ထဲရောက် လာသည်။ ပန်းအိုးထဲသို့ ပန်းကိုလှပအောင် နေရာချပူဇော်လိုက်ပြီးမှ နေရာပြန်ဝင်လိုက်၏။

`ဘာ...ဘာသာယူသလဲ`

`ဗုဒ္ဓဘာသာပေ့ါ၊ မမြင်ဘူးလား`

ပြန်ဖြေဟန်က မာန်အပြည့်။ ဇေယျာပြုံးရင်း

`ဘာမေဂျာ ယူသလဲလို့မေးတာပါ`ဟုပြန်ပြောရသည်။

`သိဘူးလေ`ဟု ခေါင်းငုံ့ပြောရင်း လွယ်အိတ်ထဲမှ စာအုပ်တစ်အုပ်ကို ထုတ်ပြ၍ လက်ညှိုးနှင့်ထောက်ပြသည်။

တိုးတိုး။

စိတ်ပညာ တတိယနှစ်။

ဒါကြောင့်မို့ စကားအထွက်အဝင် အသိမ်းအနုတ် နားလည်တာပဲ ဟု ရင်ထဲကတွေးသည်။

သည်အတိုင်းဆို ငှါကို ဘယ်နားမှာ ဖြုတ်ချထားခဲ့မလဲဆိုတာ ကြိုတွေးပြီး ဖမ်းနည်းမှုကို ချော့မော့ဖို့ အချိန်ရသွားတာပေ့ါဟုပါ တစ်ဆက်တည်း ကျေကျေနပ်နပ် တွေးလိုက်သည်။

`နာမည်က သိုသိပ်တဲ့သဘောပေ့ါ`

`ဒါက သူငယ်ချင်း အရင်းကြီးရဲ့စာအုပ်၊ အော်တို ရေးပေးရမှာ`

ကဲ...မှတ်ထားလိုက်ဦးဇေယျာဟု ကိုယ့်ကိုယ်ကို ပြန်ဆုံးမလိုက်ရသည်။ သည်ကျွန်တော်

လေးက မလွယ်ပါလားနော်။

သူ့နာမည်ပြောပြီး မိတ်ဆက်တော့လည်း သိပြီးသားမို့လားနှင့် ရှောင်သည်။ ရေလှူတော့ ဖေဖေ့ အတွက်ဟု ကာသည်။ ဖိနပ်အပ်စဉ်ကလည်း သူမထွက်သွားခင်အထိ ငြိမ်နေပြီးနောက်မှ ကျွန်တော်က သတ်သတ်ပါဟုငြင်းသည်။ ဘုရားရှိခိုးတော့ တစ်ကြိမ်ပဲဦးချပြီး ပြေးသည်။ ဘုရားပန်း လှူတော့ ခိုင်းသည်။

အခုလည်း သူငယ်ချင်းစာအုပ်ကို အရင်ပြပြီးမှ ကျွန်တော့်ဟာ မဟုတ်ဘူးဟုဆိုသည်။

ရတယ်။ ဇေယျာတို့က သင်တန်းတက်လာတာ။ မြို့မှာ နေထိုင်တတ်မှု အိတတ်ပညာညသင်တန်းလေဟု ဘာသာကြုံးဝါးလိုက်သည်။ သို့သော် ရင်ထဲမှ ကြိုလွမ်းနေသည် ထင်ရ၏ ။

ကျွန်တော်လေးစာအုပ်ဖြန့်၏ ။ ဘောလ်ပင် ခရမ်းရောင်လေး ထုတ်ကိုင်၏ ။ စာအုပ်ထဲတွင် စာကြောင်းတွေ သော့ရေးချတော့၏ ထွေထွေထူးထူး စဉ်းစားလိုက်ပုံမပေါ်။

တိုးတိုး....

လူတွေဟာ ပင်ကိုအားဖြင့် အားလုံးကောင်းတဲ့သူတွေချည်းပဲ။ ကမ္ဘာတည်တုန်းက အမှုန် အစအနလေးတစ်ခုကြောင့် သည်နေ့စစ်ပွဲတွေ၊ အပူအပင်တွေ ဖြစ်လာတယ်လို့ ငါယုံကြည်တယ်။

အဲသည်အစအနလေးက မျှော်လင့်ခြင်းတဲ့။

သီဒါ။

သြော်....ကျွန်တော်လေးနာမည်က သီဒါကိုး။ ဒါတောင်သီဒါဆိုတာ တခြားသင်္ကေတတစ်ခု ဖြစ်ချင် ဖြစ်နေဦးမယ်။ အရေးအသားကလည်း ထက်မြက်နေ၏ ။

ဇေယျာစာကြောင်းတွေ လိုက်ဖတ်နေသည်ကို ဆန်းစစ်ပုံမရ။ ခေါင်းကလေးစောင်းပြီး ပြောလိုက်သေးသည်။ သည်စကားတစ်လုံးက ဇေယျာ့ရင်ကို ဆွပေးနေပြန်၏ ။

သီဒါလို့ ခေါ်ပါတယ်ရှင်တဲ့။

`ကိုဇေယျာ ပုတီးစိပ်မှာလား`

သူ ငြိမ်ငြိမ်သက်သက် ထိုင်နေသောကြောင့် သီဒါ အတည်အတန့်ပြောသည်။

`ဒီနေ့တော့ မစိပ်ဖြစ်တော့ပါဘူး`

သီဒါ မျက်နက်စောင်းလေးထိုး၏ ဇေယျာ ကြံဖန်အမှတ်ယူသည်ကို သိသည်ဆိုသည့် သဘော။

`ကိုဇေယျာ ဆူးလေဘုရားပေါ်မှာရှိတဲ့ သုတ္တန်လိုဏ်ဂူ၊ ဂန္ဓမာခနလိုဏ်ဂူတွေကို ဘယ်လို ရည်ရွယ်ချက်တွေနဲ့ ဆောက်လုပ်ထားတာကို ရှင်းပြနိုင်မလားဟင်`

`သီဒါရယ်....စိတ်ပညာရဲ့တိုက်ကွက်လား၊ ဒီလောက်တော့

ကိုယ်ကျွမ်းပါတယ်ဟု မပြောတော့ဘဲ

`ရာမယနဇာတ်က ဆယ်ရက်ကြာတယ်၊ ပသီပုံပြင်က တစ်ထောင့်တစ်ညကြာတယ်၊ အနားမှာ တစ်သက်လုံးနေမယ်ဆိုရင်တော့ ရှင်းပြမယ်လေ`

`ကြေး များတယ်နော်၊ ဒါဆို အအေးဆိုင်မှာ သွားတိုင်ပင်ကြသေးတာပေ့ါ`

ဆတ်ခနဲ ထရပ်ပြီး သီဒါရှေ့မှ ထွက်သွားသည်။ နှုတ်ခမ်းမဲ့မဲ့လေးနဲ့ မာနကိုရုံလိုက်သည်။

* *

`မိတ်ဆွေဖြစ်မြန်ပေမယ့် သံယောဇဉ်က အတိုင်းအဆမရှိပါဘူး သီဒါ`

အအေးဆိုင်ကို သီဒါ ဦးဆောင်သည်။ ဇေယျာ နောက်မှ လိုက်သည်။ အအေးဖိုး ကျသင့်ငွေကို သီဒါရှင်း၏

`ခေတ်ကိုက ရေးစ်တို့ နျူကလီးယားတို့ခေတ်လေ၊ပြောမနေပါနဲ့ သီဒါသိပါတယ်`

`ကိုကိုတို့လဲတရုတ်သိုင်းဝတ္ထုထဲက ဇာတ်ကောင်တွေ ဖြစ်မှန်းမသိ ဖြစ်နေပြီနော်`

`ကိုကိုလို့ မခေါ်တော့ပါဘူး၊ နာမည်သိပြီပဲ ကိုဇေယျာ`

`ဘုရားပေါ်မှာမှ မဟုတ်ဘဲ`

`တွေ့တွေ့ချင်းခေါ်တာနာမ်စားသုံးတာ၊ လောကွတ်ပြုတာ၊ ခုမခေါ်တော့ဘူး ကိုဇေယျာပဲ၊ မကျေနပ်ရင် တိုင်နိုင်တယ်`

မာရေကျောရေနဲ့သီဒါ။ သီဒါ့ပါဟန်လေးက တကယ့်ကို ဂျစ်တစ်တစ်လေး။ ရယ်ချင်ပက်ကျိ ဖြစ်နေပေမယ့် လျှာကိုက်ထား၏ ။

`ရှောင်လင်ပရင့်ဆက် ပါလား`

ရှောင်လင်မင်းသမီးဟု ဇေယျာနောက်ပြီး ရယ်သည်။

`ဘာရယ်တာလဲ ဟင်း`

သီဒါ စိတ်တိုဟန်ပြုသည်။

`ဘယ်မှာနေတယ်၊ ဘာအလုပ်လုပ်တယ်ဆိုတာ ခုထိမသိရသေးဘူးမို့လား`

ဇေယျာ တော်တော်လေးကို အပြောကောင်းနေသည်။ သီဒါ့အရယ်လေး ပျောက်သွား၏ ။ သီဒါ့လက်ထဲမှ ဘာလီရည်ခွက် စားပွဲပေါ် ပြန်ကျသွားသလို သီဒါ့ မျက်လွှာလေးအောက်စိုက် သွားသည်။

`ကိုဇေယျာ`

သီဒါ တိုးတိုးညင်းညင်းခေါ်သည်။ ဘုရားပေါ်မှာတွေ့ရသော အပြုံးတို့ သူမထံမှ ဖယ်ခွာသွားချေပြီလော။ အသံကို ထိန်းခေါ်၏ ။ ဇေယျာက နားထောင်ပါသည်ဟု ဟန်ဖြင့်ပြသည်။

`အလွမ်းပြေစားသောက်ဆိုင်မှာ ကောင်တာ အချိန်ပိုင်းထိုင်ပေးရတယ်၊ တစ်လငါးရာနဲ့`

သီဒါစကားပြောရင်း အသံတိမ်သွားသည်။ မျက်နှာအောက်ကြို့သွားသည်။ ဆံပင်ကို ဖွဖွလေးသပ်သည်။ သီဒါ့ကို အားနာသလိုကြည့်မိတော့ သူမထံမှ အားငယ်နွမ်းလျော့ဟန်ကို ပြန်တွေ့ရ၏ ။

`မိဘတွေက မိုးကုတ်မှာလေ၊ ဓနိမိုးကုပ်ကုပ်နဲ့ မိုးကုတ်က ရွာလေးတစ်ရွာနော်၊ အမိုးကုပ်ကုပ်နဲ့မိုးကုတ်ပေ့ါ`

ရယ်သလိုမဲ့သလို ပြောပေမယ့် သီဒါ့ နှုတ်ခမ်းလေး ကွေးကွေးညွတ်ညွတ်နှင့် အပြုံး ပျောက်နေ၏ ။ မျက်ဝန်းရီဝေနေ၏ ။

သီဒါ ပင့်သက်တစ်ချက်ရှိုက်ရင်း အတိုးဆုံးအသံနှင့်

`ဆင်းရဲတယ် ကိုဇေယျာ`

ဟုပြောကာ လက်ချောင်းလေးအချင်းချင်း ပွတ်တိုက်၍ လက်သည်း ထိပ်လေးတွေကို ခြစ်နေ၏ ။

တည်တည်တံ့တံ့နှင့် သီဒါ့ကို ဇေယျာ လေးစားမိသည်။ သီဒါလို အလှမျိုးရှိသူအတွက် ဥပမိရုပ်ရှိသူအတွက် အလုပ်သန့်သန့်လေးတွေ ရနိုင်သည်ကို နားလည်ပါဟု ပြောလိုက်သလိုပင်။ ဇေယျာနားလည်ပါသည်။

ဇေယျာ့ဘက်ကရော ဘာပြန်ပြောမလဲ။ ဇေယျာမှာ အဖြေအရှောင်အတိမ်းမရှိ။ ဇေယျာ့မှာ လက်ရှိလက်ညှိုးထိုးပြစရာအလုပ်မရှိ။ အလုပ်လက်မဲ့။ ထမင်းစားရရုံဖြင့် ပြုံပြုရင်လည်း မြန်မာပြည်က ထမင်းမငတ်နိုင်ပေ။

`ကိုယ်က အလုပ်ရှာဆဲပါ သီဒါ၊ မိဘတွေက ပဲခူးမှာနေပါတယ်၊ နေတာကတော့ အဆောင်ပေ့ါ`

သံယောဇဉ် စာရင်းသွင်းချင်ပေမယ့် သူ့ဘက်က ချွတ်ယွင်းချက်များကို သိထားပါဟု ရည်ရွယ်သည်။ သီဒါမျက်နှာလေး ရွှင်ရွှင်လန်းလန်း ပြန်ဖြစ်လာပြီး သူ့ကို လိပ်စာကတ် ထုတ်ပေးသည်။ ဆိုင်တည်ရာလိပ်စာ။

`ရိုးသားခြင်းဟာ အကြီးမားဆုံး အရည်အချင်းပါ ကိုဇေယျာ၊ သီဒါ့ဆီအလည်ဖိတ်ပါတယ်၊ သွားမယ်နော်`

သီဒါနှုတ်ဆက်သည်။ စကြဝဠာအဆုံးထိ သီဒါမသွားနိုင်မှန်း ဇေယျာသိသည်။ သို့သော် အလွမ်းပြေ စားသောက်ဆိုင်သို့ ဝင်ထိုင်ရန် သူ့တွင်

ခွန်အားမဲ့နေ၏ ။ မျက်လုံးများကဖြင့် သီဒါ့နောက်သို့ တစိုက်မတ်မတ် လိုက်သွားလေသည်။

သူ့ဘဂကန္တာရ လွင်ပြင်မှာ သီဒါက ရေကြည် တစ်ပေါက်ပေးလား။

* *

## (၃)

`ကိုဇေယျာ ဧည့်သည်`

အခန်း အောက်ထပ်မှ တစ်ယောက်ယောက် အော်သံကြောင့် ကီးဘက်အိတ်ကို ဖြုတ်ချပြီး အမောဖြေ နေသော ဇေယျာ ဂရန်တာ ထွက်လိုက်သည်။

အောက်မှ ဧည့်သည် ဧည့်သည်ဟု လှမ်းအော်သောကိုသန်းနိုင်ကို တွေ့ရသည်။ အိုကေ ဟု ပြောပြောဆိုဆို ပြေးဆင်းလာခဲ့သည်။ ခေါင်းမှ ဦးထုပ်ကို မချွတ်မီ လက်စွပ်အိတ်ငယ်တွေကိုသာ ဆွဲချွတ်ရင်းလှေကားကွေ့မှဧည့်သည်ကိုလှမ်းကြည့်သည်။

`ဟာ....ကိုထွန်းနောင်`

မြို့ထဲမှာသွားရင်းလာရင်း ခင်ခဲ့သည့် ထွန်းနောင်။

`မှတ်မိတယ်မို့လား ကိုဇေယျာ`

`သိပ်မှတ်မိတာပေါ့ဗျာ၊ ခင်ဗျားရဲ့ ဖော်ရွေမှုတွေဟာ ကျွန်တော့်သွေးကြောထဲမှာ ရှိနေဆဲပါ`

လမ်းပေါ်၌ စကားပြောဖော်အဖြစ် ခင်မင်ခွင့် ရခဲ့ရုံသာမက သူ့တစ်ဂမ်းတစ်ခါးစာ ကူညီဖြည့်ဆည်း ပေးလိုက်သဖြင့် ထွန်းနောင်ကို

ခင်မင်မှုပိုသွားရသည်။

ထွန်းနောင်နှင့် ဇေယျာ ခင်ခဲ့ကြသည်။ ထွန်းနောင်က သူဖြတ်သန်းခဲ့သော ဘဝများကို စကားလက်ဆောင် အဖြစ် ပေးဝေခဲ့သလို ဇေယျာက အလုပ်လိုချင်ကြောင်း အဖြစ်ပေးဝေခဲ့သလို ဇေယျာက အလုပ်လိုချင်ကြောင်း ပြောခဲ့သည်။ လိပ်စာကို ရေးပေးခဲ့သည်။

ကိုထွန်းနောင်လာသောအခါ ဇေယျာ လုံးဝ ပျော်သွား၏ ။

`မြို့ထဲလိုက်ခဲ့ဗျာ`

လှေကားရင်းမှပင် ထွန်းနောင် သူ့ကို မြို့ထဲခေါ်သည်။ သူကလည်း ခဏနေ မြို့ထဲ ထွက်ဖို့ ပြင်မလို့၊ အတော်ပဲဟု ဇေယျာပြောရင်း ချွေးသုတ်သည်။

အခန်းထဲသို့ ထွန်းနောင် လိုက်လာတော့ သူ ကျော်ဇင့်ဆီ မသွားတာပင် တစ်ပတ်ရှိ နေပြီကို သတိရသည်။ ထို့အတူ ငယ်ငယ်သူ့ကိုမနေ့က ဆူခဲ့သည်ကိုပါအကျီလဲရင်း သတိရမိ ပြန်သည်။

`မောင်ဘာတွေ တွေဝေနေရတာ လဲ၊ ငယ်မကျေနပ်လိုက်တာ၊ မောင့်အရည်အချင်းတွေကို ကံကြမ္မာ မြစ်ထဲ သွန်ချမလို့လား၊ ဒါဆို မောင်ဟာ လူမိုက်တစ်ယောက်ပဲ၊ ငယ်လို မိန်းမတစ်ယောက်ကတောင် ရည်မှန်းချက်တွေ အားမာန်တွေနဲ့ ဘဝခရီးကို ချီတက်ရဲရင် မောင်ပိုချီတက်ရဲရမှာပေ့ါ`

`ငယ်ရယ်....မောင့်မှာငွေမှမရှိတာ`

`ငွေမလိုပါဘူး၊လူဆိုတာ ငွေကိုလုပ်တဲ့အရာ၊ ဒါမောင်သိသားနဲ့၊ ငွေမပါဘဲ မောင့်အရည်အချင်းနဲ့ မောင် ရပ်နိုင်မယ်၊ ငယ်ထောက်ပြတဲ့ အချက်တွေကို မောင် အသုံးချစမ်းပါ၊ ငယ်လဲ မောင့်ဘေးက လိုက်မှာပေ့ါ`

ဇေယျာ လုံးဝခွန်းတုံ့မပြန်နိုင်အောင်ဖြစ်ခဲ့ရသည်။ ငယ်ငယ်၏ တိတိပပ ထောက်ပြမှုများကို ဇေယျာ ခေါင်းညိတ်ခဲ့ရသည်။

ကိုထွန်းနောင်နဲ့ ဇေယျာခင်ခဲ့သည်ကို ငယ့်ကို မပြောပြဖြစ်ခဲ့။ ငယ်မသိအောင်ချန်ခဲ့သည်။ ယခု ထွန်းနောင် ရောက်လာသည်။ သူ့အတွက် အထောက်အပံ့တစ်ခုခု ပေးစွမ်းနိုင်မည်ဟု ဇေယျာမျှော်လင့်လိုက်သည်။ ငယ်ငယ်ရယ်...မောင်ကြိုးစားနေပါတယ်နော်ဟု တိုးတိတ်စွာ ပြောရင်း လွယ်အိတ်ကောက်လွယ်လိုက်၏ ။

`သွားလို့ရပြီ ကိုထွန်းနောင်`

`ဆံပင်ဖြီး မှန်ကြည့်ပါဦးလား`

ပွယောင်းယောင်း ဆံပင်ကို လက်နှစ်ဖက်ဖြင့် နောက်သို့ ပင့်သပ်လိုက်ပြီးအခန်းထဲမှ ထွက်ခဲ့၍ ကိုးထွန်းနောင်က စေတနာ စကားပြောသည်။ မှန်ကြိုက်သော ယောကျ်ားထဲတွင် ဇေယျာပါပေမယ့် သည်နေ့အဖို့မှန်ကြည့်ရန်မလို။ သူ မျက်နှာရွှင်နေပြီး သူ့အပြုံး လန်းမေမည်ကို ကြိုသိ၍ တစ်ပေပတ်လည်မှန်ကို ကျောခိုင်းထားခဲ့သည်။

`မင်းသားနဲ့ တွဲလျှောက်တဲ့ ဇာတ်ရံ သူငယ်ချင်းလောက်တော့ ချောနေမှာပါ ကိုထွန်းနောင်`

ကိုထွန်းနောင် တရင်းတနှီးနှင့် သူ့ပခုံးကိုသိုင်းဖက်၏ ။

`“မမြှောက်နဲ့ဗျ၊ ခင်ဗျားတို့ခေါင်ကမိုးယိုမယ်`

သူ့ကို ချေပရင်း နှစ်ယောက်စာ ဆေးပေ့ါလိပ် နှစ်လိပ်အိတ်ကပ်ထဲမှ ထုတ်ပေး၏ ။ အောက်ထပ် ရောက်သောအခါ အဆောင်ရှေ့မြက်ခင်း၌ ကောင်းကင်သုတေသန လုပ်နေသော ကိုသန်းနိုင်ကို မြက်ခင်းပေါ် နားနားနေနေလုပ်ရင်း လှန်းထားသည့်ပုဆိုးလေးကြည့်ပေးပါ၊ တစ်ထည်တည်းသော ပုဆိုးမို့ပါဟုမှာခဲ့သည်။

`ရုပ်ချင်းရုပ် ကျွန်တော်ပဲရုပ်မျာ` ဟု ကိုသန်းနိုင်လှမ်းနောက်သေး၏ ။

`ကျွန်တော်က ပုံစံနဲ့ မနေတတ်ဘူးဗျ ကိုထွန်းနောင်ရ၊ ဆံပင်ကိုလဲ ဆိုင်ကညှပ်ပေးပြီး ပုံဖော်ပေးလဲ လမ်းရောက်ရင် ဖျက်ပစ်ရော၊ ပုံစံနဲ့နေရတာ ပင်ပန်းသလိုပဲ`

`ဒါတော့ ကိုယ့်အယူဆနဲ့ ကိုယ်ပေ့ါဗျာ၊ကဲ....တွေ့တဲ့ကားကိုစီးပြီး မြို့ထဲ ခရီးနှင်ရင် ဧယျာ့အတွက် အကောင်းဆုံးလက်ဆောင်ရလိမ့်မယ်၊ဒါကြောင့် လာခေါ်တာ`

မှန်တိုင်မှာ ရပ်တောင်မရပ်လိုက်ရ။ (၅၁) ကျပ်ကျပ်တည်းတည်းကို အမှီအတွယ်ဖြင့် ခုန်တက်လိုက်ကြသည်။

လာခြင်းကောင်းတဲ့ ကိုထွန်းနောင်ရယ်ဟု ဧယျာ ကြည်ကြည်နူးနူးဖြစ်နေ၏ ။ သည်တစ်ခါ ကားစီးရတာ ဒန်းစီးသလို ငြိမ့်ငြိမ့်ညောင်းညောင်းရှိနေသည်။

* *

`စောင့်နေရတာ ကြာသွားသလား အစ်ကိုကြီး`

`အချိန်ပုပ်ခံတဲ့ လူတွေထဲမှာ ကိုထွန်းနောင်မှ မပါတာ အဲသည်လောက်နှင့်ပင် ဧယျာ တွက်ဆတတ်သည်။ရည်မွန် ခန့်ညားသည့်လူတစ်ယောက်နှင့် သူ့ကို တွေ့ဆုံပေးရန် ကိုထွန်းနောင် ဖန်တီးထားသည်။ သည်ပွဲသည် သူ့ပွဲဖြစ်လိမ့်မည် ထင်သည်။

`ဒါက ဦးဇော်ဇော်တဲ့၊ ရန်ကုန်မြို့မှာ ရေခဲသေတ္တာအဲယားကွန်း၊တီဗွီ၊ ဗွီဒီယို စတဲ့ လျှပ်စစ်ပစ္စည်းတွေ ပြန်ဝယ်ရောင်း အေးဂျင့်ပေ့ါ၊ ကျွန်တော့် အစ်ကိုကြီးလေ`

`ဟုတ်ကဲ့ခင်ဗျာ`

ဇေယျာ လေးလေးစားစား ဂါရဝပြုသည်။ ကုလားထိုင်နှစ်လုံးကို ဆွဲထုတ်ပေး၍ ဦးဇော်ဇော်က ပြန်မိတ်ဆွေဖွဲ့သည်။ဇေယျာနှင့်ထွန်းနောင် ဝင်ထိုင်လိုက်၏ ။

အေးအေးဆေးဆေး စကားပြောနိုင်သည့် နေရာကို ရွေးထားသည်။ သာယာစွာ စီးမျောလာသည့် သီချင်းသံသည် အလွမ်းကင်းနေ၏ ။ ကြိုတင်မှာထားသော အအေးပုလင်း သုံပုလင်းနှင့်မုန့်များကို ရှေ့တိုးပေး၏ ။ အားနာစရာမလိုဘူး နော်ဟု ကိုထွန်းနောင် ကပ်ပြော၏ ။

`အလုပ်လေးဘာလေးရှိရင် ပြောဗျာလို့ တစ်ခါက ပြောဖူးလို့ ခေါ်ခဲ့တာပဲကိုဇေယျာ၊ အစ်ကိုကြီးဆီမှာ ခင်ဗျားလုပ်နိုင်မလား`

သည်မိတ်ဆွေမျိုး တစ်ယောက် ရှိခဲ့လျှင် လောကခံကို ကြံ့ကြံ့ခံနိုင်ပြီဟု ယူဆရ သော်ရ၏ ဟု ဇေယျာတွေး၏ ။

ရင်ထဲ၌ မဖော်ပြနိုင်သော ဂမ်းသာခြင်းတစ်ရပ် တိုးဝှေ့ဝင်လာ၏ ။

`စက်မှုပိုင်းဆိုင်ရာ ကျွန်တော် မကျွမ်းကျင်ဘူး၊သင်ရရင်လဲ ကြာမယ်ထင်တယ်`

အမှန်ဆုံးသစ္စာစကားဖြင့် အကာအရံမဲ့ ပြောလိုက်သည်။ စကားအဆုံး အသွားအလာ တုံ့ပြန်မှုကို စောင့်ကြည့်နေမိ၏ ။

`ဒီလိုပါ ကိုဇေယျာ`

ဦးဇော်ဇော်က သူ့ကို ကိုဇေယျာတဲ့။ ရည်ရည်မွန်မွန်ရှိသော ဦးဇော်ဇော်ကို အစ်ကိုကြီး တစ်ယောက်လို ခင်မင်သွားမိသည်။

`ကျွန်တော်တို့ဆိုင်က ဝယ်ရောင်းအပြင် အာမခံနဲ့ ပြင်ပေးပါသေးတယ်၊ လုပ်ငန်း သိပ်ကောင်းတော့ အလုပ်ထဲ နစ်နေကြပြီး ဆက်ဆံရေးပိုင်းမှာ အားလျော့သွားမှာစိုးလို့ ပြောတတ်ဆိုတတ်တဲ့ လူတစ်ယောက် လိုနေပါတယ်၊

အဲဒါနဲ့ ဆူပါ အက်ဗိုက်ဆာလုပ်ဖို့လို့ ကိုဇေယျာကို တွေ့ချင်တာပါ`

`အစ်ကိုကြီးက ကူညီစေချင်တယ်လို့ပြောတော့ အကူအညီပေးနိုင်မယ့် ကိုဇေယျာကို မျက်လုံးထဲတန်းမြင်မိတာပဲ`

အလုပ်ပေးမယ့်သူ၊ ထမင်းကျွေးမယ့်သူ၊ ငွေပေးမယ့်သူဆီမှ အကူအညီတောင်းပါ တယ်ဆိုတော့ ဇေယျာ အထိတ်တလန့်ရှိသွားသည်။

ရှေးဟောင်းပစ္စည်း တူးကတာထက် ခက်သော မိတ်ဆွေကောင်းတစ်ယောက်ကို ဇေယျာရနေပေပြီ။

`ဘယ်လိုလဲ ကိုဇေယျာ`

`စေတနာအမှားကလွဲရင် ဘယ်အမှားကိုမှ ကျူးလွန်းမှာ မဟုတ်ဘူးဆိုတာ ကျွန်တော် ကတိပေးပါတယ် အစ်ကိုကြီး ဘယ်တော့အလုပ်ဆင်းရမယ်ဆိုတာသာ သိခွင့်ရှိရင် သိချင်ပါတယ်။ အသုံးမတည့်ရင် ကျွန်တော့်ကို ပြန်လွှတ်နိုင်ပါတယ်`

ဇေယျာ သူ့ဘက်မှ အကုန်ပြောလိုက်သည်။ ဦးဇော်ဇော်က ပြတ်ပြတ်သားသား ရှိတယ်ဆိုတာ နားလည်လိုက်ပါတယ်ဗျာဟု ပြော၍ လက်ဆွဲနှုတ်ဆက်သည်။

အလုပ်ရှင်နှင့် အလုပ်သမား တွေ့ဆုံပွဲသည် အနာဂတ်အတွက် ကြိုတင်တွက်နိုင်သည့် ရင်းနှီးမှုမျိုးမို့ ဇေယျာ ပို၍ ကျေနပ်ရပြန်သည်။

`ခင်ဗျားအခန်းက သားနားတယ်နော်၊ တည်းခိုခန်းနဲ့ တူတယ်၊ အခန်းခဘယ်လောက် ပေးရလဲ`

သူ့အကြောင်း သူ့ဘဝကို ကိုထွန်းနောင်၊ တစေ့တစောင်းမေးသည်။ ဦးဇော်ဇော်က စီးကရက်သောက်ရင်း နားထောင်သည်။ သူ အအေးသောက်ရင်းပြောပြသည်။

`အဆောင်ခ ခုနစ်ဆယ့်ငါးကျပ်ပါ၊ စပေါ်ကတော့ သုံးလစာ ကြိုပေးရတာ ပေါ့`

`စားတော့ကော`

`ကြုံသလိုပေါ့၊ တစ်ခါတလေတော့လဲ ဘယ်သူ့ကို ကယ်တင်ရပါ့မလဲ ကြည့်နေတဲ့လူမျိုးနဲ့ တွေ့တော့လဲ. . .

`ဟဲ ဟဲ`

ကိုထွန်းနောင် ရယ်သည်။ ဇေယျာနှင့်ထွန်းနောင်ခင်တာက ဤနည်းမျိုး။ စကားပြောရင်း ခင်သည်။ ထမင်းကျွေးပြီး မိတ်ဆွေဖွဲ့သည်။ ဇေယျာ့ကူညီမှုက ထွန်းနောင် မနိုင်မနင်းမ,လာသော အိတ်တစ်အိတ်ကို ဆွဲပေးခြင်းသာပင်။ ဆပ်သည့် ကျေးဇူးက များနေသည်။

`မည်မည်ရရ အလုပ်မရှိတော့ အလုပ်လက်မဲ့ စာရင်းဝင်နေတာပေါ့၊ ငွေရှာတာကတော့ ရိုးရိုးသားသား ရှာတာနဲ့တင် တစ်ဝမ်းဝပါတယ်`

`အလှူရေစက် လက်နဲ့မကွာတဲ့ နိုင်ငံမှာနေရင် လှူနိုင်တန်းနိုင်အောင်တော့ အိတ်ဆောင်ထားရလိမ့်မယ် ကိုဇေယျာ`

ဦးဇော်ဇော်ကို ဇေယျာ ပြုံးပြ၍ မှန်ပါတယ် အစ်ကိုကြီး ဟု ပြန်ဖြေရသည်။

`လောလောဆယ် အုန်းနို့ခေါက်ဆွဲစားရရင်တော့ အစ်ကိုကြီး ပိုဒါနမြောက်မှာ`

`ဟာ…စားပါ စားပါ၊ ဘာစားချင်လဲ၊ ဟော့ချာတိတ် ဒီလာပါဦးကွ`

ဇေယျာ ထမင်းမစားရသေးမှန်း နာရီကိုကြည့်ပြီး ထွန်းနောင်သိသည်။ အုန်းနို့ခေါက်ဆွဲနှစ်ပွဲ မှာသည်။ တစ်မနက်စာ ဝမ်းဖြည့်သည်။ အကင်းပါးပြီး မေတ္တာအားကြီးသော ထွန်းနောင်။

`လောလောဆယ် ဘာလိုသလဲ ကိုဇေယျာ`

ငါးဖယ်ဖတ် သုံးဖတ်ကို ရွေး၍ လျှာဖျားတင်မိချိန်၌ ဦးဇော်ဇော် မေး၏ လျှာဖျား ချိုသွား၏ ။

သည်နေရာမှာ ဇေယျာ မိမိကိုယ်ကို တန်းဖိုးဖြတ်ရတော့မည်။ အရည်အချင်းအတွက် ကိုထွန်းနောင်က ဇေယျာ့ကို နေရာပေးသလို ဦးဇော်ဇော်က ကျေနပ်စွာလက်ခံနေကြောင်း ပြနေသည်။

သူ ကိုထွန်းနောင်ကို လှမ်းကြည့်တော့ ဝင်မပြော။ ပြောလေဟုသာ မေးငေါ့ပြ၏ ။

`ကျွန်တော် ထမင်းတစ်လုတ်ကို သံသယကင်းကင်းနဲ့ စားချင်ပါတယ် အစ်ကိုကြီး၊ သံသယရှင်းမယ့် အနေအထားအတိုင်းရရင်တော်ပါပြီ`

`ကောင်းပြီလေ၊လောလောဆယ် ကိုဇေယျာ့မှာ အခက်အခဲရှိရင်သုံးဖို့ ငွေငါးရာပေးခဲ့မယ်၊ မနက်ဖြန် ဆိုင်ကိုလာပါ၊ ကျွန်တော် ကိုဇေယျာ့ကို မျှော်နေမယ်`

ဦးဖိုးကျား၏ ဘုရားဖူးသွားခြင်း ဂတ္တုတိုလေး ဇေယျာအတွေးထဲ ပြေးဝင်းလာ၏ ။ ဒုက္ခရောက်၍ မိန်းမောနေသည်ကို မောင်ထွန်းမောင်က ရေစက်လေးများချ၍ လဲလျောင်းနေရာမှ ထစေသည်အထိ ကူညီလိုက်သည်။ သိကြားမင်းတော့ ငါကယ်ပြီဟု ဒုက္ခသည်က ထင်သလို ဇေယျာ့ကိုလည်း ကိုထွန်းနောင်နှင့် ဦးဇော်ဇော်တည်းဟူသော သိကြားမင်း နှစ်မင်းတောင် ကယ်လိုက်လေပြီ။

ဂမ်းသာမှုကို ရုတ်ရုတ်သဲသဲမဖြစ်အောင် ထိန်းနေရသဖြင့် ခပ်မဆိတ်ငြိမ်နေလိုက်မိသည်။

`မောင်အလုပ်ရပြီ ငယ်ငယ်`

အရင်ဆုံး တမ်းတခံရသူသည် ငယ်ငယ်။

`ကိုယ်အလုပ်ရပြီ သီဒါ`

အလွမ်းပြေသို့လာခဲ့မယ် သီဒါရယ်ဟု တမ်းတလိုက်မိ၏ ။ ကိုယ်လာပြီ သီဒါ။

* *

## (၄)

ရေခဲသေတ္တာလေးငါးလုံးကို လက်ညှိုးထိုးပြရင်း

`ဒါတွေက ဒီမှာပဲလက်ခံပြင်ပြီး ဒီနေရာကပဲ ဖိုင်နယ်ချက်လုပ်၊ ငွေလက်ခံ၊ ဟက်ဗီး ဖြစ်တာတွေကတော့ လမ်း ၄၀ မှာကိုင်တယ်လေ`

ဦးဇော်ဇော် ရှင်းပြသည်။

`ဒါ ကိုဧယျာထိုင်ရမယ့်စားပွဲပဲ၊ ကျန်တာ ကိုဧယျာ့အပိုင်း၊ ကျွန်တော်နဲ့ မကြာခဏ တွေ့မှာပါ၊ ဒီဖိုင်မှာ အိမ်ဖုန်းနံပါတ်ရှိတယ်`

ပေးထားသည့်လိပ်စာအတိုင်း ဦးဇော်ဇော်အလုပ်ခန်းသို့ သွားတွေ့သည်။ ကြိုဆိုပုံက သင်းပျံ့သည်။ စက်သံအလုပ်လုပ်သံတွေက ဘဝင်အေးစရာ။

ဦးဇော်ဇော် သူ့ကိုထားခဲ့ပြီး ကားပေါ်သို့ တက်သွားသည်။ ကားထွက်သွားသည်အထိ ဧယျာလိုက်မကြည့်။

လုပ်ငန်းကြီးတစ်ခုလုံးကို စကားလေးငါးခွန်းနှင့် ငါ့ကိုအပ်သွားပြီဟု နားလည်လိုက်သည်။ ဆိုင်ထဲတွင်ရှိသည့် အင်ဂျင်နီယာ၊ အလုပ်သမားတွေနှင့်လည်း မိတ်ဆက်ပေးမသွား။ ရွယ်တူ လူငယ်သုံးယောက်၊ အသက်ကြီးကြီးမျက်မှန်နှင့် လူတစ်ယောက်တို့က ဧယျာ့ကို စူးစမ်းသလို ကြည့်ပြီး

ကိုယ့်အလုပ်ကိုယ်ဆက်လုပ်နေကြ၏ ။

ဇေယျာ တစ်ချက်ပြုံးလိုက်သည်။

ရေခဲသေတ္တာကြီးတစ်ခု အနားသို့ တိုးကပ်ကြည့်သည်။ နောက်ကျောဘက်မှ သံဆန်ကာ ကို လက်နှင့် ထိကြည့်တော့ ပူနွေးနေ၏ ။ သေတ္တာနောက်ဘက်မှ စက်ကို စမ်းသပ်နေသည့် လူငယ်ကပြုံး၍ မော့ကြည့်၏ ။

`ဒါတွေက ပူတယ်နော်`

ဇေယျာ ကိုယ့်ဘာသာကိုယ် မိတ်ဆက်လိုက်ရသည်။ စက်စမ်းနေသည့် လူငယ်က

`ဟုတ်တယ်၊ အဲဒါ ရေခဲသေတ္တာဆိုတဲ့ဂဏ္ဍာရဲ့ မိန်းပွိုင့်ပေ့ါ`

ဇေယျာ ဆံပင်ဖုံးနေသော နားထင်ကို လက်နှင့်ထောက်မိသည်။ သူဘာဆိုလိုပါလိမ့်။ သည်ဆိုင်မှာ ပထမဆုံးခင်ရမည့် သူဟု ခံစားမိသည်ကလွဲ၍ နားမလည်သောစကားကို ရှင်းပြပါဟု ထပ်မကွန့်ရဲ။ ဇေယျာ ထိုလူငယ်နား ထိုင်ချလိုက်၏ ။

လွယ်အိတ်ကို စားပွဲပေါ် နေရာတကျတင်ထားသည်။

အဖုံးဖွင့်ထားသောစက်ကို ကျေနပ်လောက်မှ အဖုံးပြန်ပိတ်သည်။ အဝတ်စတစ်ခုဖြင့် လက်သုတ်ရင်း စကားဆက်၏ ။

`ကျွန်တော်တို့ကျောင်းမှာ ဆရာက ဂဏ္ဍာလေးတစ်ပုဒ် ပြောပြတယ်၊ ဂဏ္ဍာခေါင်းစဉ်က ရေခဲသေတ္တာ၏ ဘဂဟောင်းတဲ့လေ`

ပြောရင်း ပြုံးသည်။ သူ့အပြုံးက ဟန်ဆောင်ခြင်းမရှိ ကြည်လင်ရှင်းသန့်နေသည်။ သူတစ်ခါမှ မဖတ်ဖူးပေ။ ဂဏ္ဍာကို သိတတ်စကတည်းက ဖတ်လာပေမယ့် သည်ခေါင်းစဉ်နဲ့တော့ မဖတ်ခဲ့ဖူး။ သူစာဖတ်အားနည်းသေးလို့လား မသိပေ။

`နိုင်ငံခြားဂတ္တာတိုလေးပါ`

ဇေယျာ စိတ်ဝင်တစားဖြစ်သွားသည်။ အဖေမှာတာတော့ ဟုတ်နေပါပြီ။ ငါ့သား လမ်းပေါ် တက်လိုက်တာနဲ့ ကိုယ့်ထက်သာတဲ့သူတွေချည်းပဲဆိုတာ မှတ်တဲ့။

`ဟုတ်ကဲ့`ဟု ဇေယျာ ခေါင်းညိတ်ပြလိုက်သည်။

`ဒီလိုဗျာ၊ချောင်ဖိန့်ရပ်ကွက်လေးဟာ ဆင်းရဲသားရပ်ကွက်လေးတစ်ခုပေ့ါ၊ တစ်ရပ်ကွက် လုံး ဘယ်မှာ စီးပွားရှာရှာ စားဖို့တောင် အနိုင်နိုင်ရှာရတယ်၊ ဒီရပ်ကွက်မှာ သူဌေးကြီးတိန်ဆိုတာရှိ တယ်၊ တဲအိမ်လေးတွေပေါ်မှာ မိုးထားတဲ့ တိုက်ကြီးရဲ့သခင်ပေ့ါ၊ တိန်က ငွေချေးတယ်၊ ဆင်းရဲသားတွေက သူဌေးကြီးဆီမှာ အကူအညီတောင်းတယ်၊ တိန်ကလဲအင်မတန် လောဘကြီး ကောက်ကျစ်တတ်တော့ မသမာတဲ့နည်းနဲ့ ချမ်းသာပြီးရင်း ချမ်းသာလာတယ်၊ ဆင်းရဲသားတွေက မွဲသထက်မွဲလာတယ်`

`အဲဒါနဲ့`

ဇေယျာ ဝင်ထောက်ပေးမိသည်။ ခုထိ ဇာတ်လမ်းမပေါ်သေး။

`ဒါကို ရပ်ကွက်ထဲမှာနေတဲ့ စက်ရုံ အလုပ်သမားတစ်ယောက်က သူဌေးကြီးနဲ့ သူတို့ဘဝကို နှောင် သားစဉ်မြေးဆက်သိအောင် အမှတ်တရပစ္စည်းတစ်ခု ထွင်ချင်လာတယ်၊ နေ့မအား ညမအား စဉ်းစားတယ်၊ အလုပ်သမားလေးရဲ့ ရင်ထဲက ဝေဒနာဟာ အုံကြွလာပြီး ဘဝတူ အလုပ်သမားတွေ ပြောပြတော့ သူတို့ကလဲ ပစ္စည်းထွင်ဖို့ အားထုတ်ကြတယ်`

`ရေခဲသေတ္တာ ပေါ်လာရောလား`

ဇေယျာဝင်ပြောတော့ ကောင်းလေးတစ်ယောက်က ရယ်သည်။ သည်လူ့ဇာတ်လမ်းကို ကောင်လေးသိထားတယ်နဲ့တူရဲ့။

`ဒါပေ့ါ ဆရာလေးရ၊ ပတ်ဝန်းကျင်က ဆင်းရဲလေလေ

သူဌေးကြီးက ချမ်းသာလေလေ၊ ဆင်းရဲခြင်းတွေက သူဌေးကြီးအတွက် ချမ်းသာစေတယ် ဆိုတာ ခေါင်းထဲဝင်နေတော့ အပြင်ကအပူဒဏ်များလေလေ အတွင်းက အေးလေလေဖြစ်တဲ့ ရေခဲသေတ္တာကို ထွင်ကြတာပေ့ါ၊ အဲဒါ ရေခဲသေတ္တာ စဖြစ်လာတဲ့သမိုင်းလမ်းကြောင်းပဲ`

ဟုတ်မဟုတ်ထက် သိပ်ကောင်းသည့် ဇာတ်လမ်းလေးဟု ဧယျာ ထောက်ခံမိသည်။ ထိုလူ့ကိုလည်း ချက်ချင်းခင်သွားသည်။

`မြင့်လွင် ဂက်စ်ဖြည့်ဖို့ လုပ်တော့`ဟု လှမ်းပြောသော အသက်ကြီးကြီး မျက်မှန်နှင့် လူ၏ အော်သံနှင့်အတူ ဧယျာ့ ညာဘက်စားပွဲပေါ်မှ တယ်လီဖုန်းမြည်လာ၏ ။

သူ အရင်းဆုံးသိသူကို မြင့်လွင်ဟု နာမည်သိလိုက်၏ ။

ဧယျာ တယ်လီဖုန်း ကောက်ကိုင်မိသည်။ ထိုသို့ကိုင်မိပြီးမှ ဆိုင်တစ်ခုလုံးကို ဝေ့ဝဲကြည့်မိ၏ ။ ငါအလုပ်လုပ်နေတာပဲဟု သူ့ဘာသာ ယုံကြည်ပြီး ဟဲလိုဟု တစ်ဖက်ကို ပြန်ထူးလိုက်သည်။

ဖုန်းထဲမှ `မင်္ဂလာကလား`ဟုမေးသည်။

`ဟုတ်ကဲ့ မင်္ဂလာကပါ၊ ဘာအကူအညီလိုပါလဲ`

`......................`

`ဘာအမျိုးအစားလဲခင်ဗျာ`

`ဘိချ်၊ ကောင်းပါပြီ၊ ဖုန်းနံပါတ်နဲ့လိပ်စာလေးကျေးဇူး ပြုပါခင်ဗျာ`

လက်က ဖိုင်တွဲပေါ်မှ စာရွက်လွတ်ကို ဆွဲယူပြီးနေ၏ ။ ဘောလ်ပင်ဖြင့် ဖုန်းနံပါတ် မှတ်သည်။ မှတ်ချက်၌ တေးသည်။ ရေမခဲဟု ထပ်ဖြည့်ရ၏ ။ တက်ဖက်မှ ဖုန်းပြန်ချသွား၏ ။

ဇေယျာ အလုပ် စလုပ်မိပြီ။

**

`ဆရာလေး ဖုန်းနံပါတ်တောင်းလိုက်တာ သိပ်ကောင်း သွားတယ်၊ တချို့က သက်သက်နှောက်နေတာ`

ကိုမြင့်လွင် ဆေးလိပ်သောက်ရင်း ဇေယျာ့နားကပ်လာ၏ ။ အလုပ်ခဏနားသည်။ချာတိတ် တစ်ယောက်က ဂက်စ်အိုးကြီး မ,နေသည်။ ဖော်မိုက်ကာပြာလေးတွေသာ သည်ဆိုင် တစ်ဆိုင်လုံး နေရာတကျ ကပ်လိုက်ပြီး ပန်းပွင့်ခြယ် ပြက္ခဒိန်ပို စတာများဖြင့်အလှဆင်လိုက်လျှင် ဟူ၍ တွေးနေမိ၏ ။

ဒါတွေလုပ်ဖို့သည်ကို ငါရောက်လာတာပဲလေဟု သူ့ကိုယ်သူ ဂုဏ်ယူလိုက်သည်။

`ဒါဆို ဖုန်းမရှိတဲ့အိမ် ဆိုရင်. ...`

`အဲဒီ ကျတော့ ပစ္စည်းအမျိုးအစားနဲ့ ပျက်ပုံ ပျက်နည်း၊ နည်းပညာအရ လျှောက်မေးကြည့် တာပေ့ါ၊ ဒီအထိ အသေးစိတ်လေ့လာပြီးမှ နှောက်တဲ့လူတွေကျတော့လဲ အညှောင်းပြေ လမ်းလျှောက်ဖြစ်တာပဲလို့ ယူဆလိုက်တာပေ့ါ ဆရာလေးရယ်`

အကောင်းမြင်ဝါဒသမားတစ်ယောက်ဟု ကိုမြင့်လွင်ကို သူ သိပ်သဘောကျသွားမိသည်။ လောကကြီး အေးချမ်းနေတာပဲဗျာဟု ဟစ်ကြွေးလိုသူထဲ၌ ကိုမြင့်လွင် ရှေ့ဆုံးမှ ပါမည်ကို ခန့်မှန်း မိသည်။ အသားဖြူ၍ စကားဝဲသံကို တစေ့တစောင်း လေ့လာပြီးမှ ရခိုင်အမျိုးသားဟု သူ တွေးမိသည်။

`ရှမ်းလေး`

`ဗျာ`

`မင်းရယ်၊ တင်မောင်ရယ်၊ အစ်ကိုကြီးရယ် လိပ်စာအတိုင်းလစ်တော့၊ ကျွန်တော် ဆိုင်မှာ နေခဲ့မယ်၊ ဝယ်ရောင်းစာရင်းစာအုပ်လဲ ပြထားခဲ့`

ဆိုင်တစ်ဆိုင်လုံး အမျိုးသားတွေချည်းသား။

တယ်လီဗီးရှင်းအသစ်များကို ပါကင်လိုက်တင်ထားသလို ရေခဲသေတ္တာအသစ်များကို အစီစဉ်မကျ ချထား၏။ကောင်းတာထိုင်သည့် ချာတိတ်လေးကို ရှမ်းလေးဟု ကိုမြင့်လွင် ခေါ်သည်။

အပြင်ကိစ္စများအတွက် အဆင်သင့်လုပ်ထားသော ပစ္စည်းကိရိယာအစုံအလင်ပါသည့် အိတ်တွေကို စားပွဲပေါ် ချပေးသည်။ ရှမ်းလေးတို့ဆွဲ၍ ဆိုင်ထဲမှထွက်သည်။

`ဆိုင်မှာ လူဘယ်နှစ်ယောက်လဲ ကိုမြင့်လွင်`

ခင်ရလွယ်သော ကိုမြင့်လွင်ကိုစတင်မေးမြန်းမိသည်။ကိုမြင့်လွင်က ပုဆိုးတိုတိုကို ပြင်ဝတ်သည်။ ဇေယျာ့ပုံစံကတော့ ကြည့်ကောင်းတယ်ဟု ကောင်မလေးတွေပြောတတ်သည့် ပုံပင်၊ အင်္ကျီအဖြူ လည်ကတုံးကို လက်ရှည်ကြယ်သီတပ်ဝတ်၍ ဘောင်းဘီရှည် ဘဲဥနှစ်ရောင်ကို ခြေဖမိုးအထိချပ်ချပ်ရပ်ရပ်ဝတ်ထားသည်။ ကတ္တီပါဖိနပ်ကိုစီး၍ လွယ်အိတ်နှင့် မျက်နှာကျ ပြေပြစ်သည့် ဇေယျာ။

`အရောင်းက ဆရာဦးဇော်ဇော်ကိုယ်တိုင် ကိုင်ပါတယ် ဆရာက လမ်း ၄၀ ဆိုင်ကို မလွှတ်နိုင်တော့ ဒီဆိုင်မှာ လူလိုနေတာပေ့ါ၊ ဆရာလေးကို ဒီနေ့ရောက်မယ်လို့ ပြောထားတယ်၊ ဆိုင်ကို မန်းနစ်ချ်မန့် လုပ်ဖို့တဲ့၊ ကျွန်တော်တို့ငါးယောက်က ပြင်တတ်တယ်၊ ကောင်းအောင်လုပ် တတ်တယ်၊ အပြောအဆိုမကျွမ်းကြဘူး`

ဆိုင်မှာ ငါးယောက်ရှိသည်ဟု ကိုမြင့်လွင်ပြောသည်။ သူတို့ပကို အုပ်ချုပ်ဖို့အတွက် ဦးဇော်ဇော် လွှဲအပ်ထားခဲ့လေပြီ။ သည်ဆိုင်၏ ကောင်းကျိုးဆိုးကျိုးသည် သူ့အပေါ်၌ တည်ပေ၏ ။

`ရှမ်းလေးရယ်၊ တင်မောင်ရယ်က အကူစက်ပြင်၊ ဦးအုန်းကျော်က ပညာသည် ကျွမ်းကျင်၊ ကျွန်တော်နဲ့ ကိုတင်မိုးက ကျွမ်းကျင်ပညာရှင်ပေါ့၊ ကိုတင်မိုးက ဘီအီးဆင်း၊ ကျွန်တော်က ဂျီတီအိုင်ဆင်း`

ပြည့်စုံလောက်ပါသည်။ ဇေယျာ သူ့ကိုယ်သူ မိတ်ဆက်မှ ဖြစ်မည်။

ကိုတင်မိုးဆိုသူကို ခုထိမတွေ့ရသေး။ အလုပ်နှင့် အပြင်ထွက်နေသည်ထင့်။ ဇေယျာလည်း အလုပ်ဝင်ဝင်ချင်း အဆင်ချောနေသဖြင့် ရှေ့ဆက်ရမည့် အခြေအနေ ကောင်းမည်ကို တွက်ဆမိသည်။

* *

ဆေးမှုတ်ထားသည့် မီးခိုးနုရောင် ရေခဲသေတ္တာကို လက်ကိုင်လှည့်ကြည့်သည်။ အတွင်းဘက်၌ အေးနေ၏ ။ စတီးအကန့်လေးတွေ ကန့်ထားသည်။ အေးသောအငွေ့အသက်ကို ထိတွေ့ရသည်။

ခေါင်းထဲသို့ အကြောင်းတစ်ချက် ဒိုင်းခနဲ ဝင်လာသည်။ ရေခဲသေတ္တာရှိရင် ရေပျော်သေတ္တာလည်း ရှိသင့်တာပေါ့ဟု။

`အပူနဲ့ပတ်သက်တာကော ဒီမှာကိုင်လား`

`အပူနဲ့ပတ်သက်တာ ဘယ်ဟာမျိုးလဲ`

`ဥပမာ မုန့်တွေဘာတွေ ပူပူနွေးနွေး ဖြစ်နေအောင်ပေါ့`

`ဟာ သိပ်ရတာ ပေါ့`

သိပ်ရတာ ပေါ့ါတဲ့။ သီဒါတို့ဆိုင်မှာ မုန့်တွေပူပူနွေးနွေးဖြစ်အောင် စက်တစ်လုံးလောက်တော့ ရှိသင့်တယ်။ တိုက်တွန်းရအောင်သွားဦးမှပဲ တွေးမိသည်။

`ဒါဆို အတော်ပဲ၊ ကျွန်တော့်ချာတိတ်က လက်ဖက်ရည်ဆိုင် စားသောက်ဆိုင်မှာ လုပ်တယ်`

သီဒါ့ကို အတွေးထဲ၌ သူ့ဘဂထဲ ဆွဲသွင်းထားမိသည်။ သည်လောက်တော့ သီဒါ ခွင့်လွှတ်လိမ်မည် ထင်ပါသည်။

`ချာတိတ်က နှစ်မျိုးရှိတယ်`

ကိုမြင့်လွင် လက်နှစ်ချောင်းထောင်ပြသည်။

`ချာတိတ် အထီးရယ်၊ ဟဲ ဟဲ`

သြော်....ဒါကိုး။ လူငယ်ဆိုတာ အလုပ်ထဲ စိတ်နှစ်ရင်းလည်း မြူးကြွအောင်နေသည် ဆိုတာကို မြင်တွေ့ရသည်။

`သိပ်ချောတဲ့ ချာတိတ်ဗျာ`

`ဒါဆို အပူကွိုင်မလိုဘူး`

`ဘာဖြစ်လို့လဲဗျ`

`ခင်ဗျားချာတိတ်ကို ငေးနေတာနဲ့ မုန့်တွေ ရေခဲတုံးဖြစ်ပြီး မှိုတက်သွားတောင် သိမှာမဟုတ်ဘူး`

ခင်ခင်မင်မင်ကို နောက်သည့် ကိုမြင့်လွင်ကို ဖေယျာမတရားခင်နေတော့သည်။ ကိုမြင့်လွင် အလုပ်ဆက်လုပ်တော့ သူပါ ဝင်ကူသည်။ ပစ္စည်းတွေ စီချထားသမျှ စာတန်းလေးတွေအလိုက် ယူပေးမိသည်။ စက်ပစ္စည်းအကြောင်းလေ့လာရဦးမည်။သည်နေ့အဖို့ ပထမဆုံး တာထွက်ခြင်းမို့ လောကြီးလို့မဖြစ်။

`ချောလဲချော၊ ချစ်လဲချစ်စရာကောင်းတယ်ဗျ`

`ညွှန်းလှချည်လား ကိုဇေယျာ၊ ဘယ်ဆိုင်လဲ၊ ခင်ဗျားနဲ့လိုက်ဦးမှပါ`

`မရောက်ဖူးသေးဘူးဗျ၊ အဖော်မရှိလို့`

`လိုက်မယ်...လိုက်မယ်၊ ကိုတင်မိုး လမ်း ၄၀ ကပြန်လာရင်ဆရာလေးနဲ့ အဖွဲ့ကျသွားမှာ၊ ကျွန်တော်တို့သုံးယောက်တစ်ဖွဲ့ သွားတာပေ့ါ`

အားတက်သရောဖြစ်နေသည့် ကိုမြင့်လွင်ကြောင့် အခုပင် အလွမ်းပြေသို့ ပြေးသွားချင်စိတ် ပေါက်နေသည်။

`နေဦးနော်၊ ခင်ဗျား ချိန်ဆဖို့တော့လိုတယ်`

`ဘာလဲဗျ`

`စားရမှာနဲ့ ငေးရမှာနဲ့၊ ပြီးတော့ ပြန်....`

`ဘာလဲ ဆိုင်မှာရှိတဲ့ အပူကွိုင်ဗျတွကို ပြန်ဆင်ပေးခဲ့ရမှာနဲ့ စားရသောက်ရမှာ မကာမိဘူးလို့ ချိန်ရမှာလား၊ ဖြစ်ပါတယ်၊ ခင်ဗျားနဲ့ တစ်ချိန်လုံး လိုက်နေမှာပေ့ါ၊ ဒါဆိုမြတ်တောင် မြတ်သေး`

သီဒါ မျက်ခုံးလှုပ်ပြီး ခလုတ်တွေတိုက်နေတာ မြင်သည်။

သူ့ကို သီဒါမျှော်မမျှော် မသိသော်လည်း သူကတော့ သီးဒါရှိရာ မှန်းဆလွမ်းနေသည်။

`အရှုံးအမြတ်ထက် မမှန်းတတ်မယ့်သီဒါကိုသာ ပြချင်တာပါ ကိုမြင့်လွင်ရာ`

ဆိုင်ထဲရှိပစ္စည်းတွေအမည်ကိုဖတ်၍ ဖြေရင်း

`မောင် အလုပ်ဆိုတာ ရှိသေရတယ်နော်၊ အလုပ်ကို ကိုယ်က လေးစားမှ အလုပ်က ကိုယ့်ကို ပြန်လေးစားမှာ၊ မောင့်တစ်ဘဝစာပုံအောပြီး လုပ်ပြစ်မ်းပါ

မောင်ရယ်၊ ငယ်ငယ်လဲဆိုင်ကို လာလည်မှာပေ့ါ`

ဟူသည့် မနေ့က ငယ်ငယ့်ကို အလုပ်ရကြောင်း ပြောတော့ ငယ်ငယ် ဤသို့မှာသည်ကို ပြန်သတိရလိုက်၏။

* *

## (၅)

အလွမ်းပြေသို့အဝင်....

သီချင်းသံကို ရည်ညွှန်း၍ မြင့်လွင် စာသံပေသံနှင့် နောက်သည်။

ဆိုင်အဝင် ကျောက်စိမ်းရောင်ကိုထားသဖြင့် ကားလမ်းပေါ်မှ လှုပ်ရှားသွားလာနေသူများ နှင့် သီးခြားဖြစ်နေ၏။ ဆူဆူပူပူဆိုင်မဟုတ်၍ ကျေနပ်သည်လည်းပါသည်။

ကြိမ်ကုလားထိုင် အသေးစားလေးများကို စားပွဲနှင့်ကပ်ထား၏။ ဧည့်သည်ရောက်လာမှ စားပွဲထိုးလေးက ခုံများကို ပွဲထုတ်နေရာချပေးသည်။ ခုအချိန်ထိ ကောင်တာကိုမမြင်ရသေး။

ဆိုင်ခန်းက လူလေးငါးဆယ်မျှဆံ့အောင် လုံးလုံးလောက်လောက် ကျယ်ဝန်း၏။

အာဖရိကအုန်းပင်ငယ်များ၊ ပိန်းကြီးများ၊ တောင်ပေါ်နွယ်ဒန်းများကို သဘာဝအရွက်များ ဝေဖြာနေသော လှပအောင် နေရာချထား ခင်းကျင်းပြထားသဖြင့် လွတ်လပ်အေးချမ်းနေသည်။ ဒါကြောင့်လည်း အလွမ်းပြေလို့ နာမည်ပေးတာပဲလေဟု ဆိုင်အခင်းအကျင်းကို စိတ်ဝင်းစားမိ၏။ ဘယ်ဆီလွမ်းမိသည်မသိအောင်ပင် ခံစားမှုကို လှုံ့ဆော်ပေးနိုင်သည်။

ဟော အီတာလျံ ကျောက်ရိုင်းတွေကို အကွက်ဖော်ထားသော ခုံတန်းပေါ်မှာ သီဒါ။

သီဒါ့မျက်နှာလေးက အေးချမ်းနေသည်။ လှလွန်းသော ပန်းပုမယ်ကို စားပွဲပေါ် အလှတင်ထားသည့်နှယ် ကိုယ်တစ်ပိုင်းလေးသာပေါ်၏ ။ ဇေယျာ ရင်ခုန်လာသည်။ သွားနှုတ်ဆက် ရင် ကောင်းပဲ့မလား။ စားပွဲထိုးများကို စီမံခန့်ခွဲနေပုံရ၏ ။

`ကိုဇေယျာ ဟိုမှာ`

ကိုမြင့်လွင် လေသံဖြင့်ညွှန်သည်။

`မြင်တယ် ကိုမြင့်လွင်`

စားပွဲလွတ်တွင်ဝင်ထိုင်ရင်း အလွမ်းပြေကို လှည့်ပတ်ကြည့်သည်။

ရန်ကုန်မြို့ထဲက တခြားစားသောက်ဆိုင်တွေနှင့် မတူအောင် ခင်းကျင်းထားသည့် အလွမ်းပြေကြောင့် ဇေယျာ အားငယ်နေသည်။ မနေတတ်မထိုင်တတ်ဖြစ်နေသည်။

`တစ်ခုခုမှာ ကိုမြင့်လွင်`

မီနူးကတ်ပြားလေးကို ကောက်ယူပြီး ကြည့်သည်။ အရည်အဖတ် အကုန်ရ၏ ။ အချိန်အပိုင်း အကန့်နှင့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အိန္ဒိယအစားအစာ၊ တရုတ်အစားအစာ မလေးရှား အစားအစာ၊ ဂျပန်အစားအစာ စသည့်ပြင် အရှေ့တောင် အာရှအစားအစာ အားလုံးရနိုင်ကြောင်း ဆိုင်းဘုတ်ချိတ်ထား၏ ။

နာရီအလိုက် ရောင်းမည့်အစားအစာ ခွဲထား၏ ။ နာရီကို ကြည့်တော့ နေ့လယ်တစ်နာရီ။ သည်အချိန် အပူအစပ်မစားချင်။

`မှာချင်တာမှာဗျာ`

`ကျွန်တော်ကတော့ မလေးရှားခေါက်ဆွဲစားမယ်၊ ခင်ဗျားရော`

`အတူတူပဲမှာပေ့ါ`

`စားပွဲထိုးလေး သူတို့ဆီလျှောက်လာ၏။

* *

`လူကြီးမင်းတို့ ဘာမျိုးသုံးဆောင်ချင်ပါသလဲရှင်`

ချိုနွဲ့နွဲ့အသံ။

ခါးကိုညွတ်၍ အနားကပ်မေးလာသဖြင့် သူ ဆတ်ခနဲလှည့်မိသည်။ ကိုမြင့်လွင်အသံတိတ် သွား၏။

`လူကြီးမင်းရှင့်`

`ဩော်....သီဒါ`

ဇေယျာ ထရပ်မိသည်။

မထင်။ အနားလာရပ်လိမ့်မည်ဟု မထင်။ ထို့ကြောင့် ကောင်တာကို ကျောခိုင်းထိုင်မိသည်။ အလုပ်လုပ်နေဗသာ သိဒ့ါကို အနှောင့်အယှက် မပေးချင်၍ နေကာမှ သီဒါ မြင်သွားသည်။

`မှတ်မိတယ်နော်`

`သိပ်မှတ်မိတာပေ့ါ ကိုဇေယျာရယ်၊ ကျွန်တော် မှတ်ဉာဏ်ပြိုင်ပွဲမှာ ပထမရဖူးတယ်`

`ကျေးဇူးတင်ပါတယ် သီဒါ၊ ဆိုင်ကိုအမောပြေလို့ ပြောင်းလိုက်ပါလားဟင်`

တစ်ခွန်းလောက်ကဖြင့် အချွဲလေးနှင့်စဖြစ်သည်။

သီဒါ ယဲ့ယဲ့လေးပြုံးပြ၏။ သူ့ဘေးမှ ကိုမြင့်လွင်ကို အားနာ၍ သာပြန်မချေပ။ သီဒါ စကားကြွယ် မှန်း သူသိသည်။

မိန်းကလေးဆို၍ တစ်ဆိုင်လုံး သီဒါ တစ်ယောက်သာ ဒါပေမယ့် သီဒါ့ပါးပြင်တွင် ရှက်ရွံ့ စိုးရိမ်စိတ် မပေါ်လွင်။ ဖျတ်လတ်သွက်လက်စွာပင်။ ဣန္ဒြေဖြင့် ကာထားသော ဝတ်စားဆင်ယင်မှု ကပင် သီးဒါ့အလှကို ပို၍ ရွှန်းစိုစေ၏။ လှရက်သည့် သီဒါလေးရယ်

`ကတ်ထဲမှာ စားချင်တာ ခြစ်လိုက်ပါလားဟင်`

`ဟုတ်သားပဲဗျ၊ ကျွန်တော်တို့က ဆိုင်ကောင်းကောင်းမထိုင်ဖူးလို့ပါ`

သူတံတောင်နှင့် တွက်မှ ကိုမြင့်လွင် သတိရသွား၏။ ကတ်ပြားပေါ်၌ စာချင်တာ ခြစ်ချလိုက်သည်။

ကတ်ပြားလေးကို စားပွဲထိုး ကောင်လေးလက်ထဲ ထည့်ပေး၍ သီဒါ့ကို ဖိတ်ခေါ်မိသည်။ သူတို့နှင့်အတူ သီဒါ ရှိစေချင်သည်။

`ခဏလောက် ထိုင်ပါလား သီဒါ`

`ကျေးဇူးပဲ ကိုဇေယျာ၊ သီဒါ့ကိုနားလည်ပါ၊ အလုပ်ရှိနေလို့`

`ဧည့်သည်ကိုဧည့်ခံတာလဲ အလုပ်တစ်ခု ဖြစ်နိုင်ပါတယ်`

`အလွမ်းပြေမှာ သီဒါဟာ ကောင်တာမှာပဲ ထိုင်ပါတယ်၊ စာရင်းတွက်ပြီး ငွေသိမ်းတာပဲ လုပ်ပါတယ်`

ဇေယျာ အရမ်းအားနာသွားသည်။ သီဒါ့ စကားတွေက ရင့်ကျက်ပြီး သူ့စကားက ကလေးဆန်သွားသည်။ သီဒါဟာ ခပ်ပေါပေါမိန်းမ မဟုတ်ဘူးလို့ ညီမျှခြင်းချ ပြာလိုက်သလို။

`ဧည့်သည်အဖြစ် သီဒါ ကိုဇေယျာ့ကိုပဲ စကားပြောဖူးပါသေးတယ်`

သီဒါ ဆက်ပြောသည်။

ဇေယျာ ဂမ်းသာ၍ ခေါင်းညိတ်ပြကာ အလုပ် ဆက်လုပ်ပါ သီဒါ၊ ကိုယ်တို့က အေးအေး ဆေးဆေး လာတာပါဟု ပြောမိသည်။ သီဒါ နေရာမှ ပြန်ထွက်သွား၏။ အစားအသောက်တွေ လာချပေးတော့ မမှာထားသည့် ချိုချဉ်ကြော်နှင့် ကုန်းဘောင်ကြီးကြော်ပါ ပါလာ၏။

ပြန်ပေးရလျှင်လည်းမကောင်း။ အိတ်ကပ်ထဲ စမ်းကြည့်သည်။ ငွေလေးဆယ်သာ ပါ၏။ လောက်ပါ့မလားဟု တွေးပူမိတော့ ကိုမြင့်လွင်ကို

`ခင်ဗျားမှာ ဘယ်လောက်ပါလဲ၊ လာချပေးတာတွေကို မမှာဘူးလို့ ပြန်ပေးလို့လဲ မကောင်းဘူး`

`ကျွန်တော့်မှာ ငွနှစ်ဆယ်ရှိတယ်၊ လောက်ပါလိမ့်မယ် မလောက်တော့ သီဒါ့ကို အကြွေးမှတ်ခိုင်း`

သည်ကိုမြင့်လွင်ကလည်း ဘာဖြစ်ဖြစ်ဖြေတွေးတော့တာပဲ။ အင်းအေ လောက်ပါလိမ့်မယ် ဟု တွေးလိုက်၏။

ခေါက်ဆွဲကြော်သုံးဇွန်းလား စားရသေးသည်။

`ကိုဇေယျာ`

အာ....သည်လူဘာဖြစ်နေတာလဲ။ ကောင်းကောင်း မစားဘဲ ခေါ်ပဲခေါ်နေသည်။ ဘာလဲဟု မေးဆတ်ပြတော့

`ခင်ဗျား ချာတိတ်ကို ရှေးဟောင်း အနုပညာ ဖော်ထုတ်ရေးမှာ မြင်ဖူးတယ်ဗျာ`

ဇေယျာစဉ်းစားသည်။ ရှေးဟောင်းအနုပညာ ဖော်ထုတ်ရေးရုံး။ ဘယ်နားမှာလဲ မသိ။ ဇေယျာသိတာ ရှေးဟောင်း ယဉ်ကျေးမှု သုတေသနပဲ ကြားဖူးသည်။

သီဒါ အဲသည်မှာ လုပ်ဖူးတယ်လား။ ဒါဆို သီဒါဘွဲ့ရပြီးလောက်ပြီနဲ့တူတယ်ဟု တွေးရင်း

`ဘယ်နားမှာလဲဗျ၊ အဲဒီ ရုံး ကျွန်တော်မသိဘူး`

`ရှေးပညာရှိ ကဗျာ အကျော်အမော်တွေရဲ့ အလှဘွဲ့တွေဖတ်ရတုန်းက ဒီလို အမျိုးသမီးတွေ ရှိကောရှိရဲ့လားလို့ ထင်ခဲ့တာဗျ၊ ခုတော့ ခင်ဗျားချာတိတ်က အဲဒီ အလှတွေနဲ့ တစ်ထပ်တည်း ကျနေလို့ ရှေးဟောင်း အနုပညာ ဖော်ထုတ်ရေးကလို့ ပြောတာ`

ပြောရင်း မြင့်လွင် ရယ်သည်။

`ကျွန်တော်က အပြင်က အလှထက် ရင်ထဲက အလှတရားကို ပိုချစ်သွားတာ ကိုမြင့်လွင်၊ ဘုရားပေါ်မှာ တွေ့တုန်းက ရန်ကုန်သူပဲ၊ တဒင်္ဂပျော်ရွှင်မှုကို တိတိကျကျယူသွားတတ်တာပဲလို့ မြင်ထားတာ၊ ခုတော့ ဒီအထိ သံယောဇဉ်နဲ့ ကြွေ့ခြေတို့ကို မှုမှုတတ သုံးပြသွားလို့ ပျော်သွားတယ်`

ဇေယျာ့ရင်ထဲ သီးဒ့ါကို ကျောခိုင်းထားပါလျက် မြင်နေသည်။ သီဒါယဉ်ကျေးခြင်းကို တသနေမိသည်။

`ရန်ကုန်သူတိုင်း မဟုတ်ပါဘူးဗျာ၊ မြို့တော်ရဲ့ အင်္ဂါရပ်နဲ့ ညီတဲ့ မြို့ကြီးသူ သိက္ခာရှင်မလေးတွေ အများကြီးပါ`

`အဲဗျ….ခင်ဗျားက ရန်ကုန်မွေးလား၊ ဒါဆို ကျွန်တော် နေ့ပြောရှေ့ကြည့်ဖို့မေ့သွားတယ်`

သူ့ကို ကိုမြင့်လွင်က လက်ကာပြရင်း စိတ်ဆိုးရင် စိတ်ပြေအောင် ပြောတတ်တဲ့ပညာကို ဘယ်နိုင်ငံမှာ သင်လာသလဲ ကိုဇေယျာဟု ပြော၏ ။ သူစကား ကာတာကို ရည်ညွှန်းသည်။

ပိုက်ဆံရှင်းနေသော တခြားဝိုင်းများကို အကဲခတ်မိ၏ ။ ကျသင့်ငွေကို

စားပွဲထိုးများမှ တစ်ဆင့် ကောင်းတာသို့ သတင်းပို့သည်။ ကောင်တာမှ အလွမ်းပြေမှ ကျေးဇူးတင်ပါသည် ကတ်ပြားတွင် ကျသင့်ငွေကို ရေးပေးလိုက်သည်။

ငွေရှင်းရန်ကောင်လေးကို အသံပြု၍ လှမ်းခေါ်သည်။ တစ်စားပွဲလျှင် တစ်ယောက်ကျ ညွှန်ခံသော ကောင်လေးတွေ၏ ဝက်စုံသည် ပုဆိုးနှင့်တိုက်ပုံ။ နာမည်တံဆိပ်လေးတွေ ထိုးထားသည်။ ဝတ်စုံဆင်တူ ဝတ်ရသည်။ စားပွဲထိုးပေမယ့် ပစ်စလက်ခတ်ပုံမျိုး မတွေ့စေရ။ ဆံပင်ကို သေသေသပ်သပ်ဖြီးသလို အေးချမ်းသည့် ရုပ်ရည်ပေါ်လွင်သည့် သူကိုသာ ရွေးချယ်ခန့် ထား၏ ။ အလုပ်ကို အလုပ်နှင့်တူအောင် ဟာကွက်မရှိလုပ်ကြရသည်။ အဖိတ်အစဉ်မရှိစေရ။

သည်လိုဆိုင်မျိုးတွေ တစ်ပြည်လုံး အနှံ့ထားခဲ့လျှင် စည်းကမ်းရှိသော စားသောက်ဆိုင်များ အဖြစ် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်မည်ဟု တွေးရင်း ဖြစ်စေချင်သည်။

`ဘယ်လောက်ကျလဲ ညီလေး`

ကောင်လေး ကောင်တာဆီ လျှောက်သွားသည်။ ကောင်တာမှ ကတ်ပြားလေးယူလာ၏ ။ သည်မှာအစ်ကိုဟု ကတ်ပြားလေးပေးပြီး အနားမှ ပြန်ထွက်သွားသည်။

`သီဒါအိမ်ရှင်လုပ်ပါရစေ`

ကတ်ပြားလေးရှိ လက်ရေးဝိုင်းဝိုင်းလေးတွင် အကြင်နာတွေ ပြည့်သိပ်နေသည်ဟု ခံစားလိုက်ရသည်။ ကျသင့်ငွေလုံးဝရေးမထား။ ခန့်မှန်းခြေ ငါးဆယ်ထက်မနည်း ကျမည်။

`ဘာတဲ့လဲ ကိုဇေယျာ`

`သီဒါ ရှင်းမယ်တဲ့လေ၊ ဘယ်ဖြစ်မှာလဲ ကျွန်တော်သွားပေးမယ်`

ကိုမြင့်လွင်လက်ထဲ ကတ်အပ်ခဲ့တာ ကောင်တာဆီ ဧယျာထွက်လာခဲ့၏ ။

* *

`ဒီအရပ်မှာ ကျေးဇူးတင်တဲ့စကား ပြောခွင့်ရှိလားဟင်`

`မရှိပါဘူး၊ မေတ္တာပဲ ပို့တတ်ရင်ပို့ပါ၊ ဟိုမှာလေ ဒီဆိုင်ရဲ့ မေတ္တာစာ`

စေတနာကို ဖော်ညွှန်းသော သီဒါက ဆိုင်၏ ကောင်တာဘေးရှိ နံရံကပ်ပန်းချီကားတွင် စာလုံးထွင်းထားသော စာလုံးများကို ပြ၏ ။ ပန်းချီကားဟု ပြောရသည်မှာ တစ်ခြမ်းက ပန်းပွင့် လေးတွေ။ တစ်ခြမ်းက စမ်းရေတွေ။ အလယ်မှာက ကဗျာရှည်ကြီးတစ်ပုဒ်။မေတ္တာစာတဲ့။

တွေဝေနေခဲ့တဲ့သူတွေ

အခြေအနေမဲ့တဲ့ သူတွေ

ကျိန်စာသင့်လျှောက်တဲ့ သူတွေ

အကြင်နာပွင့်ကောက်တဲ့သူတွေ

ဒေါသမီးပွက်တဲ့ သူတွေ

လောဘခရီးဆက်တဲ့ သူတွေ

ငွေ့ကြိုးနဲ့ ကျော့ကွင်းဆင်သူတွေ

အခြေအနေဆိုး အလျှော့အတင်း မြင်သူတွေ

သစ္စာစကား ဆိုသူတွေ

ဘ၀ ရသ ဖက်တဲ့ သူတွေ

အလှအပ မက်တဲ့ သူတွေ....

အားလုံး...

အားလုံးသော သူတွေ

ကျန်းမာပကတိ

ချမ်းသာစွာရှိကြဖို့ မေတ္တာပို့။

သစ္စာနဲ့ပျိုးတဲ့ မေတ္တာမိုးစက်တွေ

ဗြဟ္မာပြည်မတက်ထောင်

ကမ္ဘာမြေထက် ငြိမ်းစေသတည်း။ ။

ဧယျာ့နှုတ်ဖျားမှ `ဟာ `ဆိုသော အာမေဍိတ် မထွက်အောင် နှုတ်ခမ်းစေ့ထားရ၏ ။ ကဗျာကို တခမ်းတနား ပြန်းချီဖြင့် ဘောင်ခတ်ထားသည်။ ရိုသေလေးစားစွာ တန်ဖိုးမြှင့်ထားသည်။

အဲသည်ကဗျာဟာ သူ့ရင်ထဲမှာ စွဲငြိခဲ့ဖူးသည့်ကဗျာ။

ငယ်ငယ့်ကဗျာ။ ကဗျာဆရာ ဘယ်သူလဲဟု မေးလာအောင် တမင်ဖန်တီးထားသည်ဟုသာ ထင်သည်။

`ဒါပေမယ့် သီဒါရယ် လစာထဲက အဖြတ်ခံပြီး ဒါနမပြုပါနဲ့၊ အိမ်လာလည်မှပဲ ကျွေးပါ၊ ခုတော့ ပေးပါရစေနော်၊ ဘယ်လောက်ကျလဲ၊ မပြောချင်လဲ ရတယ်`

ဧယျာ ငွေငါးဆယ်ကို သီဒါ့ရှေ့ ချပေးလိုက်သည်။

သီဒါက ကောင်းပြီလေဟုပြောကာ အံဆွဲဖွင့်၏ ။ ခဏနော်ကိုဧယျာဟု ထပ်ပြောပြီး ငွေထည့်အံဆွဲထဲ တစ်စုံတစ်ခုရှာသည်။

`အပြင်ရောက်မှ ဖတ်ပါ`

စာခေါက်အဖြူကို သူ့ဆီ လှမ်းပေးသည်။စာအိတ်ဟု သိသည်။ စာပါတာဟု သိစေသော သီဒ့ါအသံဖျော့ကို နားလည်ကာ လျှို့ဝှက်တတ်သည့် ဇေယျာက ဆတ်ခနဲ ဆွဲယူပြီး ဘောင်းဘီအိတ်ထဲ ထည့်လိုက်၏ ။

သီဒ့ါမျက်ဝန်း၌ ပဟေဠိပုစ္ဆာတစ်ပုဒ်လို အရောင်ပြေးနေ၏ ။ ဆိုင်ထဲမှ ထွက်လာခဲ့သည်။ ကိုမြင့်လွင် လက်တို့တော့မှ ဆိုင်ကွယ်သည့် တစ်နေရာတွင် ဖွင့်ဖတ်ဖြစ်၏ ။

`စေတနာမှာ အတိုင်းအတာ မရှိပါဘူး ကိုဇေယျာ`

ကြင်နာလိုက်ပြီလား သီဒါရယ်။

* *